# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၈၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ➡


ယနေ့ ဖတ်စရာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့** သဝဏ်လွှာ ➢ စာ - ၄

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်** ထုတ်ပြန်ချက် ➢ စာ - ၅

○ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က မိမိအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာပြီးနောက်ပိုင်း ပြည်ပနိုင်ငံသံတမန်များအနက် ပထမဆုံး လာရောက်တွေ့ဆုံသည့် သံအမတ်ကြီးဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင် အနေဖြင့် မိမိကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအပေါ်တွင်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အိမ်နီးနားချင်း မိတ်ဆွေကောင်းနိုင်ငံ တစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပေါ် ထောက်ခံမှုပြသခြင်းပင်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက အဆွေတော်အား နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရမှုအပေါ် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ စွမ်းဆောင်မှုများအောက်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ လုံခြုံရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်ရေး လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပြန်လည်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အင်အားပြင်း မဏ္ဍလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် က ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လက်ရောက်ပေးအပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေး ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေးထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတကြီး မစ္စတာ မင်းအောင်လှိုင်ထံသို့**

**လေးစားအပ်ပါသော သမ္မတကြီး ခင်ဗျား၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် မကြာသေးမီက ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ကျွန်ုပ်မှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

ဂျပန်နှင့် မြန်မာနိုင်ငံသည် ရှည်လျားသော မိတ်ဖက်များဖြစ်ပြီး အာရှတိုက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဟု မျှော်လင့်ပါသည်။

သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လေးစားစွာဖြင့်**

**မစ္စတာ ဟီရိုမိချိ ဝါတာနာဘေး**
**ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်**
**ဒုတိယဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိ နှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟီခို တာကခု တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိ နှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟီခို တာကခု တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတကြီး မစ္စတာ မင်းအောင်လှိုင်ထံသို့**

**လေးစားအပ်ပါသော သမ္မတကြီး ခင်ဗျား၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် မကြာသေးမီက ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ကျွန်ုပ်မှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

ဂျပန်နှင့် မြန်မာနိုင်ငံသည် ရှည်လျားသော မိတ်ဖက်များဖြစ်ပြီး အာရှတိုက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဟု မျှော်လင့်ပါသည်။

သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လေးစားစွာဖြင့်**

**မစ္စတာ ဖူမီအို အူဆုအိ**
**ဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း**
**မစ္စတာ နာအိုဟီခို တာကခု**
**ညွှန်ကြားရေးမှူး၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**အဆွေတော် ဦးမင်းအောင်လှိုင်**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတ**

**အဆွေတော် နိုင်ငံတော်သမ္မတ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော်က အဆွေတော်အား နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အား ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေးဆီသို့ ဦးဆောင်ဦးရွက်ပြုရာတွင် အောင်မြင်မှုရရှိစေရန် ကျွန်ုပ်၏ စိတ်ရင်းစေတနာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် ကမ္ဘောဒီးယားနိုင်ငံတော်၏ ပြည်သူများကလည်း ကျွန်ုပ်နှင့်အတူ ကျေးဇူးတင်အသိအမှတ်ပြုကြောင်း ဖော်ပြအပ်ပါသည်။ အာဆီယံအပါအဝင် ဒေသတွင်းမူဘောင်များအတွင်း ဆွေးနွေးမှု၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပံ့ပိုးကူညီရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြင့်သွားမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

သမ္မတကြီး၊ ကျေးဇူးပြု၍ ကျွန်ုပ်၏ လေးစားဂုဏ်ပြုမှုကို လက်ခံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**နိုရိုဒွန် သီဟာမိုနီ**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်

**အဆွေတော် ဦးမင်းအောင်လှိုင်**

**သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော်၊**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

ရွေးကောက်ပွဲတွင် အဆွေတော် အနိုင်ရရှိခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှု၊ လူမှုစီးပွားရေး သာယာဝပြောရေးနှင့် နိုင်ငံတကာဆက်ဆံမှုတွင် အောင်မြင်ရေးကို ရည်ရွယ်သည့် အဆွေတော်၏ ပြည့်စုံသော မူဝါဒအပေါ် ပြည်သူတစ်ရပ်လုံးက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုကို ထင်ထင်ရှားရှား သက်သေပြနေသည်ဟု မိမိရှုမြင်ပါသည်။

နိုင်ငံ့အနာဂတ် သာယာလှပစေရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားစေရေး အဆွေတော်၏ မြင့်မြတ်သော ကြိုးပမ်းမှုများနှင့် ကြီးမားသော အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှုကို အခြေခံသည့် ကာဇက်စတန်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးအလားအလာမြင့်မားမှုကို အရင်းခံ၍ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မိမိအနေဖြင့် အဆင်သင့်ရှိမှုကို ထပ်လောင်းအတည်ပြုပါသည်။

အဆွေတော်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အောင်မြင်ပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ သာယာဝပြော၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးမှုဖြင့်၊

**ကာစင် ဂျိုမတ် တိုခါယက်ဗ်**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**အဆွေတော် မစ္စတာ မင်းအောင်လှိုင်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော်၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

ပြည်သူများ၏ ဘဝသာယာဝပြောရေးကို အလေးထားမှုနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေလိုသော အဆွေတော်၏ ဆန္ဒအပေါ် မိမိတို့အနေဖြင့် အလွန်လေးစားမိပါသည်။

စိန့်ပီတာစဘတ်မြို့နှင့် မြန်မာနိုင်ငံတို့အကြား ကာလရှည်ကြာသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အပြန်အလှန်လေးစားမှုအပေါ်အခြေခံ၍ ဖော်ဆောင်လျက်ရှိပါသည်။ ယင်းဆက်ဆံရေး တိုးတက်ခိုင်မာစေရေးအတွက် အဆွေတော်၏ ဦးဆောင်မှုများသည် အထူးပင် အသိအမှတ်ပြုဖွယ်ဖြစ်ပါသည်။ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပညာရေးဆိုင်ရာအစီအစဉ်များနှင့် ဆေးဘက်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေရန် အဆွေတော်၏ ကြိုးပမ်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံလုံး၏ ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကိုမြှင့်တင်စေရုံအတွက်သာမက နိုင်ငံသားများ၏ လူနေမှုဘဝအရည်အသွေးကိုလည်း မြင့်မားစေပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် စိန့်ပီတာစဘတ်မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ မိမိတို့ အနေဖြင့်လည်း ပူးတွဲစီမံကိန်းသစ်များကို အကောင်အထည်ဖော်ရန်နှင့် ဒေသအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် ဆန္ဒရှိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပြီး အားအင်စွမ်းပကားများဖြင့် ပြည့်စုံပါစေကြောင်းနှင့် အဆွေတော်၏ အရေးကြီးသော လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာ အေ. ဒီ. ဘယ်ဂ်လော့**

**စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော်  မေ ၆**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့၊ မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ (ဗဟို)တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ပြည်သူများ၏ အကျိုးအတွက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေပြီး ပြည်သူအများ ချမ်းသာကြွယ်ဝကာ နိုင်ငံ့စီးပွားထွန်းကားလျက် အခြေအနေသစ်များနှင့် အသစ်သောအသွင်ကူးပြောင်းမှုများဖြင့် ကောင်းမွန်ပြည့်စုံပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁) ဦးမြောက် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတတာဝန်များကို စတင်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပြီး ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ကျန်းမာရွှင်လန်းစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး**
**(ကျောက်တော်ကြီးဘုရား) ရန်ကုန်တိုင်းဒေသကြီး**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရွေးချယ်တင်မြှောက်လိုက်သည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ ရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်က လေးစားစွာဖြင့် ဂုဏ်ပြုကြိုဆိုပါသည်။

နိုင်ငံတော်သမ္မတကြီး ကောင်းချီးမင်္ဂလာအဆက်ဆက်ရရှိပြီး ကြီးကျယ်ခမ်းနားသော ရည်မှန်းချက်များ အစဉ်တည်တံ့ပါစေကြောင်း၊ ကောင်းမွန်သောမဟာဗျူဟာရေးဆွဲမှုနှင့် အဆက်မပြတ်အကောင်အထည်ဖော်နိုင်သော အုပ်ချုပ်ရေးစွမ်းအားဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေပြီး ပြည်သူအများချမ်းသာကြွယ်ဝကာ နိုင်ငံ့စီးပွားထွန်းကားလျက် အခြေအနေသစ်များနှင့် အသစ်သောအသွင်ကူးပြောင်းမှုများဖြင့် ကောင်းမွန်ပြည့်စုံပါစေကြောင်း ရိုသေစွာဂုဏ်ပြုလိုက်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်**
**Myanmar Shaanxi Chamber of Commerce**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား နိုင်ငံသားပြည်သူများမှ တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုကို မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များအဖွဲ့ချုပ် ကော်မတီဝင်များအားလုံးက ဝမ်းသာ၍ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster**
**ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-ဘယ်လာရုစ်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရေးနှင့်**
**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထားဝယ်လူမျိုးသမိုင်းတွင် ထားဝယ်မိဘနှစ်ပါးမှ မွေးဖွားလာပြီး ထားဝယ်တိုင်းရင်းသားတစ်ရပ်လုံး၏ ပထမအဦးဆုံးသော နိုင်ငံတော်သမ္မတကြီးဖြစ်လာသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် “ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း” မှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် “မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း” မှ အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

**၂၀၂၆ ခုနှစ်၊ မေ ၆ ရက်**

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် “မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့”က အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါသည်။

**မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့**

# ပြည်သူတွေအားထား မြန်မာ့မီးရထား

ဒေါက်တာသန့်စင်(ရူပဗေဒ)



နိုင်ငံတော်အစိုးရအဆက်ဆက်က ပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ စရိတ်သက်သာစွာနှင့် အဆင်ပြေစေရန်အတွက် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ကာ ခေတ်မီရထားစက်ခေါင်းများ၊ လူစီးတွဲများ၊ ကုန်တွဲများဖြင့် ပြေးဆွဲပေးလျက်ရှိပါသည်။ ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့က Irrawaddy State Railway အနေဖြင့် ရန်ကုန်-ပြည် ၁၆၁ မိုင်ကို AO 1 ရေနွေးငွေ့စက်ခေါင်းဖြင့် စတင်ပြေးဆွဲပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးရထားလမ်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာ့မီးရထား (MR – မမ) သည် အရှေ့တောင်အာရှ၌ အစောဆုံး စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

စစ်ကြိုခေတ်တွင် ရေနွေးငွေ့စက်ခေါင်းများဖြင့် ပြေးဆွဲနေရာမှ ပထမဆုံးအနေဖြင့် ပြင်သစ်နိုင်ငံ အယ်စသွန် (Alsthom) ကုမ္ပဏီမှ ဒီဇယ်လျှပ်စစ်စက်ခေါင်းများကို ဝယ်ယူပြီး ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၌ စတင်အသုံးပြုခဲ့ပါသည်။ နောက်ပိုင်းတွင် ဂျာမနီ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့မှ ဒီဇယ်စက်ခေါင်းများ ဝယ်ယူကာ ပြေးဆွဲပေးခဲ့ပါသည်။

### နိုင်ငံအတွင်း ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့

ထိုမှတစ်ဆင့် မြန်မာ့မီးရထား၏ စက်ခေါင်းများကို အဆင့်ဆင့်တိုးတက်ပြောင်းလဲပြေးဆွဲခဲ့ရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်း အသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်ဘူတာကြီးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါသည်။

DEMU ရထားတွဲဆိုင်းများကို စပိန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ မှာယူခဲ့ပါသည်။ DEMU ဂျပန်တွဲဆိုင်းများ၌ ရန်ကုန်မြို့ပတ်ရထားတွင် တွဲဆိုင်းခြောက်ဆိုင်း ပါဝင်ပြီး ထိုင်စီးခရီးသည် ၃၃၂ ဦး၊ မတ်တတ်စီးခရီးသည် ၅၀၀ ခန့်နှင့် စုစုပေါင်း ၈၃၂ ဦး လိုက်ပါစီးနင်းနိုင်သည်။ ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် RBE တွဲ လေးဆိုင်းဖြင့် ၂၃ ခေါက်၊ DEMU တွဲဆိုင်းဖြင့် လေးခေါက် စုစုပေါင်း ၂၇ ခေါက် နေ့စဉ်ပြေးဆွဲကာ ရန်ကုန်မြို့ဝန်းကျင်ရှိ ခရီးသည်များ နေ့စဉ်ရုံးတက် ရုံးဆင်း၊ ကျောင်းတက် ကျောင်းဆင်းနှင့် ခရီးသွားလာသူများ အဆင်ပြေစေရန် ပြေးဆွဲပေးနေပါသည်။

ယခုအခါ ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းတွင် BEL (Battery Electric Locomotive) စက်ခေါင်းတွဲဖြင့် စတင်ပြေးဆွဲခြင်းကို ၂၀၂၆ ခုနှစ် မတ်လက စတင်ခဲ့ပါသည်။ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်များတွင် DEMU ရထားတွဲများဖြင့် ပြေးဆွဲလျက်ရှိသည်။ ရန်ကုန် – နေပြည်တော် DEMU (ဂျပန်) တွဲဆိုင်းတွင် အထက်တန်းတွဲ တစ်တွဲလျှင် ထိုင်ခုံ ၃၆ ခုံနှင့် အထက်တန်းတွဲ နှစ်တွဲ၊ ပထမတန်း လေးတွဲတွင် ခရီးသည် ၂၄၀ စီးနင်းလိုက်ပါနိုင်သည်။

### ရန်ကုန် – နေပြည်တော် ခရီးကြာချိန် ၅ နာရီခွဲခန့်သာဖြစ်

DEMU(စပိန်) တွဲဆိုင်းတွင် အထက်တန်းတွဲ တစ်တွဲလျှင် ထိုင်ခုံ ၃၃ ခုံနှင့် ပထမတန်း လေးတွဲတွင် ထိုင်ခုံ ၂၂၄ ခုံ ပါရှိသည်။ ခရီးသည်များ ရထားစီးနင်းရာတွင် လက်မှတ်ဝယ်ယူမှု အဆင်ပြေစေရန်အတွက် ခုနစ်ရက် ကြိုတင်၍ ရထားလက်မှတ်များကို အွန်လိုင်းစနစ်ဖြင့် (ortp.railways.gov.mm) အသုံးပြုကာ ဝယ်ယူနိုင်သည်။ DEMU ရထားတွင် ရန်ကုန်-နေပြည်တော်-ရန်ကုန်အတွက် ပထမတန်း ငွေကျပ် ၁၉၀၀၀ နှင့် အထက်တန်း ၂၈၀၀၀ သတ်မှတ်ထားပါသည်။ ရန်ကုန်-နေပြည်တော် ခရီးအတွက် ကြာချိန်မှာ ၅ နာရီခွဲခန့်သာ ဖြစ်ပါသည်။

ယခုအခါ ရန်ကုန်ဘူတာကြီးမှ မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုဂံ၊ နေပြည်တော် စသည့်မြို့ကြီးများသို့ ရထားခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိသည်။ ရန်ကုန်ဘူတာကြီးမှ ကုန်ရထားများကို ရန်ကုန်မှ မန္တလေး (မြို့ဟောင်း) ဘူတာ၊ သာစည်၊ မြစ်ငယ် – ပုလိပ် ဘူတာများသို့ နေ့စဉ်ပျမ်းမျှ အဝင်သုံးစီး၊ အထွက် သုံးစီးခန့် ပြေးဆွဲပေးနေသည်။ ထို့ပြင် ရန်ကုန်(ရွာသာကြီး)ဘူတာနှင့် မြစ်ငယ်ဘူတာသို့ ကွန်တိန်နာတွဲ ၂၇ တွဲဖြင့် နေ့စဉ်ကုန်စည်များ သယ်ယူပို့ဆောင် ပြေးဆွဲနေသည့်အပြင် ရန်ကုန်- မန္တလေး ရထားလမ်းပိုင်းတွင် ပါဆယ်အထူးရထားများ ပြေးဆွဲကာ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ လိုအပ်ပါက စက်ခေါင်းနှင့် တွဲလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအချိန်တွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စက်သုံးဆီရှားပါးမှုကို ကမ္ဘာတစ်ဝန်း ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံ၌ ခရီးသွားလာရာတွင် မီးရထား၊ ကားနှင့် ရေယာဉ်များကိုသာ အဓိကထား အသုံးပြုကြသည်။ စက်သုံးဆီ ရှားပါးမှုကြောင့် အဝေးပြေးကားများနှင့် အဝေးပြေးကုန်သယ်ကားများ ဈေးနှုန်းတက်၍ ပြေးဆွဲနေရသည်။ မြန်မာ့မီးရထားက ထိုအခက်အခဲများကို ကူညီဖြေရှင်းနိုင်ရန် အချိန်ပြည့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဈေးနှုန်း အသက်သာဆုံးဖြင့် ကုန်ပစ္စည်းများကို မြန်မာပြည်အနှံ့ သယ်ယူပို့ဆောင်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကုန်ရထားတွဲများဖြင့် ထုံးကျောက်(စက်ရုံကုန်ကြမ်း)၊ ဂေါ်တန် (ဘိလပ်မြေကုန်ကြမ်း)၊ ကြံ(သကြားစက်)နှင့် လမ်းခင်းကျောက်များကိုလည်း တင်ဆောင်ကာ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိပါသည်။

### မြန်မာ့မီးရထားဝက်ဘ်ဆိုက်တွင် ဝင်ရောက်စုံစမ်းနိုင်

မြန်မာ့မီးရထားက မဟာသင်္ကြန် နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် အထူးရထားများအဖြစ် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်၊ သာစည်-တောင်ကြီး၊ ပျဉ်းမနား-တောင်တွင်းကြီး၊ လက်ပံတန်း-သာရဝေါ၊ မြစ်ကြီးနား-မိုးကောင်း၊ ပုသိမ်-ကြံခင်း ခရီးစဉ်များ ပြေးဆွဲမည့်အစီအစဉ်များကို ၂၀၂၆ ခုနှစ် ဧပြီလ ၂ ရက်နေ့ထုတ် နေ့စဉ်သတင်းစာများတွင် အချိန်ဇယားများဖြင့် ဖော်ပြပေးထားပါသည်။ သက်ဆိုင်ရာ ဘူတာရုံများနှင့် မြန်မာ့မီးရထားဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုမေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံ၏ အဓိက ရထားလမ်းပိုင်းများတွင် ရထားလမ်းများ အဆင့်ဆင့်မြှင့်တင်ခြင်း၊ လူစီးတွဲများကို ခေတ်မီတွဲသစ်များအစားထိုးကာ ခုတ်မောင်းပြေးဆွဲပေးခြင်း၊ ရထားများ အချိန်မှန်ကန်စွာ ပြေးဆွဲလာနိုင်ခြင်းတို့ကြောင့် ရထားစီး ခရီးသည်များ နေ့စဉ် ပိုမိုများပြားလာသည်။ ကုန်စည်များ ပို့ဆောင်ရာတွင် အလွယ်တကူသယ်ယူပို့ဆောင်နိုင်ခြင်း၊ လုံခြုံစိတ်ချရခြင်း၊ အချိန်မီရောက်ရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည့် အားသာချက်များကြောင့် မြန်မာ့မီးရထားသည် ပြည်သူများ အားထားရသည့် ခရီးသွားဝန်ဆောင်မှုကို အပြည့်အဝ တာဝန်ထမ်းဆောင်ပေးနေသည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**❝ မြန်မာနိုင်ငံ၏ အဓိက ရထားလမ်းပိုင်းများတွင် ရထားလမ်းများ အဆင့်ဆင့်မြှင့်တင်ခြင်း၊ လူစီးတွဲများကို ခေတ်မီတွဲသစ်များအစားထိုးကာ ခုတ်မောင်းပြေးဆွဲပေးခြင်း၊ ရထားများ အချိန်မှန်ကန်စွာ ပြေးဆွဲလာနိုင်ခြင်းတို့ကြောင့် ရထားစီးခရီးသည်များ နေ့စဉ်ပိုမိုများပြားလာသည်။ ကုန်စည်များ ပို့ဆောင်ရာတွင် အလွယ်တကူသယ်ယူပို့ဆောင်နိုင်ခြင်း၊ လုံခြုံစိတ်ချရခြင်း၊ အချိန်မီရောက်ရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည့်အားသာချက်များကြောင့် မြန်မာ့မီးရထားသည် ပြည်သူများအားထားရသည့် ခရီးသွားဝန်ဆောင်မှုကို အပြည့်အဝတာဝန်ထမ်းဆောင်ပေးနေသည့် လုပ်ငန်းကြီးဖြစ် ❞**



# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**နေပြည်တော် မေ ၆**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၅ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၊ အတွင်းရေးမှူးအဖြစ် ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဦးသာဌေးအား ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဦးရေနှင့် ပြည်ထောင်စုတရားသူကြီးချုပ် အမည်စာရင်းနှင့် စပ်လျဉ်း၍ ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်း တို့ကို မေ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရေး လွှတ်တော်၏ သဘောတူညီချက် ရယူနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားကြောင်းပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ အမည်စာရင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသူရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းကို မေ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်ကို ၃၁ ဌာနဖြင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးရေကို ၃၀ ဖြင့် လည်းကောင်း သတ်မှတ်နိုင်ရေး ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်၊ အမည်စာရင်းနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်စာရင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက ဆွေးနွေးခြင်းကို မေ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့မှ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂၁၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရယူနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့တင်ပြထားကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင် ကိုးဦးအနက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ ဦးအောင်ဇော်သိန်းအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသည့် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်းတို့နှင့် စပ်လျဉ်း၍ ခန့်အပ်ရန်သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတို့နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာသီတာဦးကို လည်းကောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတို့နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဒေါ်နိုင်သက်ဦးကို လည်းကောင်း ခန့်အပ် တာဝန်ပေးသင့်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြထားကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ခန့်အပ်တာဝန်ပေးအပ်ရန်သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်လိုကြောင်း အဆိုတင်သွင်းခြင်းတို့ကို မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို မေ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**ဘားအံ မေ ၆**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) ဘားအံမြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) နေရာ လစ်လပ်ကြောင်းကြေညာပြီး ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်းကြေညာကာ နိုင်ငံတော်ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နန်းနီနီအေးနှင့် ဘားအံ-ကော့ကရိတ်-မြဝတီ (အာရှလမ်း) ပြန်လည်ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပေးပို့ထားသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကိုဖတ်ကြား၍ ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ကြောင်း ကြေညာသည်။



ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် ဦးစောမြင့်ဦး ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အမည်စာရင်းပေးပို့ထားပြီး ယင်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးဌာန ခုနစ်ခုနှင့် ဝန်ကြီးဦးရေ ခုနစ်ဦး သတ်မှတ်ထားရှိရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသော အဆိုပြုချက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကရင်ပြည်နယ်တွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အပါအဝင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ သုံးဦးထားရှိရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်းနှင့် တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တတိယအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



**ပုသိမ် မေ ၆**

တတိယအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ပုသိမ်မြို့ရှိ ရေဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသိန်းထွန်းက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပုသိမ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးအေးကျော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀ အရ အဆိုပြုပေးပို့ခြင်းကို လွှတ်တော်သို့ကြေညာပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက တိုင်းဒေသကြီး ဝန်ကြီးဌာနအရေအတွက်ကို ကိုးခု၊ တိုင်းဒေသကြီးဝန်ကြီး ကိုးဦးနှင့် တရားလွှတ်တော်တရားသူကြီး လေးဦး သတ်မှတ်နိုင်ရေးအတွက် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၈ နှင့် ၄၉ တို့အရအဆိုပြုပေးပို့ခြင်းကို လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**မော်လမြိုင် မေ ၆**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းအား လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ဗိုလ်မှူးချုပ် အောင်ဝင်းသန်းအား အဆိုပြုခြင်းကိုပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ဝန်ကြီးဦးရေနှင့် မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးဦးရေတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**ပြည်နယ်(ပြန်/ဆက်)**





# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**စစ်တွေ မေ ၆**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် စစ်တွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဦးအား အဆိုပြုလာခြင်းကို ပြည်နယ်လွှတ်တော်သို့ ကြေညာခြင်း၊ အမည်စာရင်းအဆိုပြုလာခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အမည်စာရင်း အဆိုပြုလာခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘောတူကြသည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် စစ်တွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဦးအား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုသည့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီး ဦးရေ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးရေတို့ကို လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့သည်။

**ဟန်ဝင်းအောင်**

**တင်ထွန်း(ပြန်/ဆက်)**

# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**လွိုင်ကော် ဧပြီ ၆**

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးရှိပြီး ကိုယ်စားလှယ်အားလုံး ရာနှုန်းပြည့် တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက ကယားပြည်နယ်ဝန်ကြီးချုပ်တာဝန်ပေးအပ်နိုင်ရေးအတွက် အဆိုပြုပေးပို့လာသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက အဆိုပြုပေးပို့လာသည့် ပြည်နယ်ဝန်ကြီးဌာန အရေအတွက်နှင့် ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်ခြင်းကိုလည်းကောင်း၊ တရားလွှတ်တော်တရားသူကြီးဦးရေကိုလည်းကောင်း ပြည်နယ်လွှတ်တော်သို့ဖတ်ကြားတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဧပြီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်း စတုတ္ထနေ့ ကျင်းပ

**မြစ်ကြီးနား ဧပြီ ၆**

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံးက အစည်းအဝေးတက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးအနက် ၄၅ ဦးလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ပြည်နယ်ဝန်ကြီးဌာနအရေအတွက် ခုနစ်ခု၊ ပြည်နယ်ဝန်ကြီးဦးရေ ခုနစ်ဦးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးဦးရေ သုံးဦး သတ်မှတ်နိုင်ရေး အဆိုပြုခြင်းအား လွှတ်တော်သို့တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် မြစ်ကြီးနားမြို့နယ် ကိုယ်စားလှယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်အား ခန့်အပ်တာဝန်ပေးနိုင်ရေး အဆိုပြုလာခြင်းအား လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**တောင်ကြီး ဧပြီ ၆**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၃၂ ဦးရှိသည့်အနက် ၁၃၁ ဦး တက်ရောက်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည့်အတွက် ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။



ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးစိုင်းထိန်စိုး၏ အမည်ကို ပြည်နယ်လွှတ်တော်သို့တင်ပြပြီး အဆိုပြုထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးဦးရေသတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးစိုင်းထိန်စိုး၏ အမည်ကို ကန့်ကွက်သည့် ကိုယ်စားလှယ်အမည်စာရင်းပေးပို့လာခြင်းမရှိသည့်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်ကျော်ညွန့်နှင့် သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးသီဟလှိုင်တို့က ဆွေးနွေးတင်ပြကြရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နောက်တစ်ကြိမ် ကျင်းပပြုလုပ်မည့် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီး လေးဦးခန့်အပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ပန်းတောင်းမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော



**ပန်းတောင်း ဧပြီ ၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ နွေရာသီကာလ အပူချိန်ပြင်းထန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများနှင့် အပူဒဏ်အန္တရာယ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်ရည်ရွယ်၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလတ်သူသူကျော်က အပူရှိန်ကြောင့်ဖြစ်ပေါ်တတ်သော ရောဂါလက္ခဏာများ၊ အပူလျှပ်ခြင်း(Heat Stroke)ဖြစ်ပွားပါက ရှေးဦးသူနာပြုစုနည်းလမ်းများ၊ အပူဒဏ်ကြောင့် အသက်အန္တရာယ်မစိုးရိမ်ရစေရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် နေထိုင်စားသောက်ရမည့် နည်းစနစ်များကို ရှင်းလင်းဟောပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ဒေသခံပြည်သူများတက်ရောက်ကြပြီး အပူဒဏ်အန္တရာယ်ဖြစ်ပွားခဲ့လျှင် ဆောလျင်စွာ ဆေးဝါးကုသမှုပေးနိုင်ရေးအတွက် ရပ်ကွက်အတွင်းရှိစေတနာ့ဝန်ထမ်းများက ရပ်ရွာအခြေပြုအဖွဲ့များနှင့် လေ့ကျင့်ပြင်ဆင်ထားရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးထံမှ သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

# နှစ်သစ်အကူး လတန်ခူးနှင့် ရိုးရာသင်္ကြန်ပွဲတော်

ကိုယဉ်ချစ်(မန္တလေး)

မြန်မာပြက္ခဒိန်၏ ၁၂ လတွင် တန်ခူးလသည် နှစ်သစ်၏ ပထမဆုံးလဖြစ်ပြီး မြန်မာတို့၏ နှစ်သစ်ကူးကာလလည်းဖြစ်သည်။ တန်ခူးသည် တာကူးဆိုသည့် ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး တာ ဆိုသည်မှာ အချိန်ရာသီ။ ကူးဆိုသည်မှာ ကူးပြောင်းခြင်း အနက်ရှိသည်။ တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည်ကို အကြောင်းပြု၍ တာကူးမှ တန်ခူးဟု ကာလရွေ့လျောခေါ်ဆိုလာခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။ ဤကာလသည် ထန်းသီးများ ခူးဆွတ်သည့် ရာသီဖြစ်၍ ထန်းခူးလမှ တန်ခူးလဟု ပြောင်းလဲခဲ့သည်ဟုလည်း ဆိုကြသည်။

မြန်မာ့ဆယ့်နှစ်လရာသီ ပွဲတော်များသည် ပျော်ပွဲရွှင်ပွဲသက်သက်မဟုတ်ဘဲ လေးနက်သည့် အဓိပ္ပာယ်များဖြင့် ကျင်းပသည့် ပွဲတော်များဖြစ်သည်။ လတိုင်းတွင် ရာသီ၊ နက္ခတ်၊ ရာသီပန်း၊ ပွဲတော်၊ တာရာ၊ ရတု၊ ရွှာသွန်းသည့်မိုး၊ ရာသီရုပ်နှင့် ပွဲတော် စသည့်သတ်မှတ်ချက်များရှိသည်။

**တန်ခူးလ၏ ပုံရိပ်ကိုပေါ်လွင်အောင် ထည့်သွင်းစပ်ဆိုခဲ့**

တန်ခူးလ၏ ရာသီမှာ မိဿရာသီ၊ နက္ခတ်မှာ စိတြနက္ခတ်၊ ရာသီပန်းမှာ ကံ့ကော်ပန်း၊ တာရာမှာ တံငါတာရာ၊ ရတုမှာ ဝသန္တရတု၊ မိုးမှာ ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး၊ ရာသီရုပ်မှာ ဆိတ်သတ္တဝါ၏ပုံနှင့် ပွဲတော်မှာ ရေသဘင်ပွဲတော် (သင်္ကြန်ပွဲတော်)ဖြစ်သည်။ တန်ခူးလသည် ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ ရက်ရှိပြီး နေ့တာညတာ တူညီသောလဖြစ်သည်။ စက်နာရီအရ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သည်။ ဗေဒင်အသုံးအနှုန်းများအရ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များသည် ရက်ရာဇာဖြစ်ပြီး ကြာသပတေးနေ့နှင့် စနေနေ့များသည် ပြဿဒါးရက်များဖြစ်သည်။ နဂါးဦးခေါင်းမှာ အနောက်အရပ်သို့ ပြုသည်။ တန်ခူးလသည် ပူပြင်းခြောက်သွေ့လာပြီး သစ်ပင်ပန်းမန်များသည် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဝေစပြုချိန်ဖြစ်သည်။ သာဆန်းရဂုံဘွေ့ပတ်ပျိုးတွင် **“သာဆန်းငယ်သည့်ရဂုံဘွေ့၊ ညင်းလေပြေလောင်း၊ ညှာခြေစိမ်းရင့်မောင်း၊ ညောင်းရွက်ကယ်တည့် ကြွေကြွေလေဟန်၊ မြည္ဘာရွှေရည်လျှံ----”**ဟု တန်ခူးလ၏ ပုံရိပ်ကိုပေါ်လွင်အောင် ထည့်သွင်းစပ်ဆိုခဲ့သည်။

တောင်အရပ်မှ တိုက်ခတ်လာသော လေရူးများနှင့်အတူ ဥဩငှက်တွန်သံများ ကြားကြရသည်။ မြူခိုးနှင့် တိမ်ရောယှက်လိန်၍၊ တိမ်နှင့်တောင်ခိုး၊ တောင်ကိုမိုး၍ ကောင်းကင်ယံ၌ မင်းလွင်မြူခိုးများ ကြီးစိုး နေကြသည်။ အရပ်ရှစ်မျက်နှာတွင် မြူများဆိုင်းနေသည်။ တောင်များတွင်လည်း တောင်ခိုးများ ဝေနေကြသည်။ တောင်ခိုးဝေ၍ မြူခြေဆိုင်းသည့် တောတောင်ရေမြေသဘာဝများသည် တစ်မူထူးခြားလှပနေသည့် အခါသမယဖြစ်သည်။

ရာသီပန်းဖြစ်သော ကံ့ကော်ပန်းတို့သည် အလှချင်းဆိုင်ဂုဏ်ပြိုင်နေကြသည်။ ကံ့ကော်ဝတ်မှုံသင်းသည့် ရဂုံကြော စုံတောခြေတွင် သိင်္ဂီပွင့်ချပ် ရင်ခတ်သရဖီပန်းတို့လည်း သင်းရနံ့ကြိုင်၍ မွှေးပျံ့နေကြသည်။ တပေါင်းလတွင် စတင်ဖူးပွင့်တတ်သော ပိတောက်ပန်းများသည်လည်း တန်ခူးလတွင် ဆက်လက်ဖူးပွင့်နေကြသည်။ ရာသီပွဲတော်သင်္ကြန်အတာရေသဘင်ပွဲနှင့် ပိတောက်ပန်းတို့သည် လိုက်ဖက်ညီ၍ တန်ခူးလ၏ သရုပ်ကို ပိုမိုပေါ်လွင်စေသည်။

တန်ခူးလ၏ အလှထူးသည့် သရုပ်ဖော်မှုများကို ရှေးမြန်မာ စာဆိုရှင်ကြီးများက လွမ်းချင်း၊ လူးတား၊ လေးဆစ်သဖြန်၊ လေးချိုး၊ အိုင်ချင်း၊ တေးထပ် စသည်တို့ဖြင့် ရေးစပ်ဖွဲ့နွဲ့ သီကုံးခဲ့ကြသည်။ ထိုစာကဗျာများသည် ယနေ့တိုင်အောင် ထင်ရှားနေဆဲဖြစ်သည်။

ညောင်ရမ်းခေတ်စာဆိုဆီသည်ရွာစားဦးအောင်ကြီးက “ ---- ကောင်းကင်မိုးလ၊ စိတြနှင့်၊ မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွတ်လျက် ၊ ပွင့်ဖတ်ဝေဝေ၊ တောင်လေဖြူးဖြူး၊ လတန်ခူးကို၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွှတည့် ၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမွှာကရမက်၊ ပန်းပေါင်းဖက်၍၊ --- ”ဟု ဆယ့်နှစ်လရာသီဖွဲ့ လူးတားကို စပ်ဆိုခဲ့သည်။

ဒုတိယကုန်းဘောင်ခေတ်စာဆို ဖိုးသူတော်

> **“သင်္ကြန်ကာလကို အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့ဟု လေးရက်တိုင်တိုင် ကျင်းပကြသည်။ ရက်ထပ်နှစ်များတွင် အကြတ်ရက် နှစ်ရက်ဖြစ်၍ ငါးရက်ကျင်းပကြသည်။ ထူးခြားလေးနက်သည့် အခါသမယဖြစ်၍ သင်္ကြန်ရက်များကို အခါတွင်း၊ အခါကြီးရက်ကြီးနေ့ဟုလည်း ဆိုကြသည်။ ရှေးအစဉ်အဆက်ကတည်းက ကျင်းပခဲ့သည့် သင်္ကြန်ပွဲတော်သည် ရေပက်ကစားခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းများနှင့် ယဉ်ကျေးမှုအစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်ကြသည့် ပွဲတော်ဖြစ်”**

ဦးမင်းကလည်း “ဟောင်းရွက်ညှာခါ လှစ်လို့၊ တာသစ်ကယ်တဲ့ နံ့ကြိုင်။ သုတ်ဖြူးလေဆော်ကာ၊ ပန်းကံ့ကော် ဝတ်မှုန်ကျင်း၊ သင်းပျံ့လို့လှိုင်။ ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း၊ စိတြငယ်နှင့်၊ ငွေလသော်တာတို့၊ ယုဂန်ချာတောင်တော်စွန်းမှာ၊ ထွန်းထိန်လို့လင်း”ဟု လေးဆစ်သဖြန်ဖြင့် သီကျူးဖွဲ့ဆိုခဲ့သည်။

မဟာအတုလမင်းကြီးက “နွေခါမီဝယ်၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ မိုးတိမ်လယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဖွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ် မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်”ဟု လွမ်းချင်းစပ်ဆိုခဲ့သည်။

**ကုသိုလ်ရေးပြုရန် စိတ်အားထက်သန်**

တန်ခူးရေကုန်၊ ကဆုန်ရေခန်း ဆိုစကားအတိုင်း တန်ခူးလတွင် ပူပြင်းခြောက်သွေ့လာခြင်းကြောင့် မြစ်ချောင်းများသည် ရေစီးမသန်တော့ဘဲ ဖြည်းညင်းသာယာစွာ စီးဆင်းနေကြသည်။ ဤကာလတွင် ငါးကြင်းတွေဆန်၊ ငါးတန်တွေမြူးကြသည်။ ရေလုပ်သား ကိုတံငါတို့သည် မြစ်ရိုးတစ်လျှောက်တွင် ပိုက်ချငါးဖမ်းသည့်အလုပ်များကို လုပ်ကိုင်နေကြသည်။ ကမ်းစပ်သောင်ခြေ အချို့နေရာများတွင် ကျွန်းကလေးများ ထွန်းပေါ်လာသည်။ သဲသာသောင်ခြေများတွင် ဟင်္သာသောင်တင်း၊ ရွှေပိန်ညင်းငှက်လေးများ လည်ချင်းယှက်၍ ပျော်ရွှင်မြူးတူးနေကြသည်မှာ သာယာလွမ်းမောဖွယ် တန်ခူးလ၏ ပုံရိပ်များဖြစ်ကြသည်။ လယ်ယာလုပ်ငန်းခွင်များတွင် သီးနှံများ ရိတ်သိမ်းပြီးချိန်ဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထွက်ရှိခဲ့သည့် သီးနှံများကို ရောင်းချ၍ ရှင်ပြုနားသအလှူပွဲများမှအစ ကုသိုလ်ရေးပြုရန် စိတ်အားထက်သန်နေကြသည့် ကာလလည်းဖြစ်သည်။

ထန်းလုပ်သားများက ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးများလွယ်လျက် ထန်းတက်၊ ထန်းလှီးသည့် အလုပ်များကို အားကြိုးမာန်တက်လုပ်ကိုင်နေကြသည်မှာ မည်သည့်နိုင်ငံတွင်မှ မမြင်တွေ့နိုင်သည့် မြင်ကွင်းများကို မြင်တွေ့ကြရသည်။

တန်ခူးလအတွင်းကျရောက်သည့် တပ်မတော်နေ့ကိုလည်း နှစ်စဉ်မပျက် ခမ်းနားထည်ဝါစွာ ဂုဏ်ပြုကျင်းပခြင်းကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၏ စစ်ရေးပြအခမ်းအနားများ၊ မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)၏ စွမ်းအား၊ စွမ်းပကားများကိုလည်း မြင်တွေ့ကြရသည်။

**ရေသဘင်ပွဲတော်(သင်္ကြန်ပွဲတော်)**

တန်ခူးလသည် မြန်မာပြက္ခဒိန်လ၏ ပထမဦးဆုံးလဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲများတွင် တန်ခူးလ၏ ပွဲတော်မှာ သင်္ကြန်ပွဲတော်ဖြစ်သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် ကာလဖြစ်၍ နှစ်သစ်ကူးပွဲတော်၊ နှစ်ဟောင်းမှ အညစ်အကြေးများကို ရေဖြင့်ဆေးကြောသည့် အတာရေသဘင်ပွဲတော် (သင်္ကြန်ပွဲတော်)ကို ပျော်ရွှင်စွာ ကျင်းပသည့် အခါသမယဖြစ်သည်။

သင်္ကြန်ဆိုသည်မှာ သင်္ကြာန္တိဟူသည့် သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်။ “သင်္ကြန်အတာဟူသည်ကား ရောက်သောအဖို့ တာဝန်ဟူသော အနက်ကို ယူသင့်၏။ ဤ၌ သဘောအားဖြင့် နှစ်သစ် ၊ နှစ်ဦးဆန်းခြင်းသည် တနင်္ဂနွေ၊ တနင်္လာ စသည်ဖြင့် အလှည့်အလည် ရောက်သောအဖို့ တာဝန်ဖြစ်၍ တနင်္ဂနွေအတာ၊ တနင်္လာအတာ စသော ဆိုမိန့်ခြင်းဖြစ်၏” ဟု ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် ဆိုခဲ့သည်။ ထို့အတူ လေ့သင်းအတွင်းဝန် ကလည်း ဝေါဟာရ လိနတ္ထဒီပနီကျမ်းတွင် “ အချို့သူတို့မှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် သင်္ကြန်အတာ ကူးပြောင်းသောကြောင့် တာကူးလဟု ယူကြသည်”ဟု ဖွင့်ဆိုခဲ့သည်။

တချို့က သင်္ကြန်သည် သင်္ကန္တပါဠိပုဒ်မှ ဆင်းသက်လာသည့်ဝေါဟာရဟု ယူဆကြသည်။ သင်္ကြန်ဆိုသည့် ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အနက်ရသည်။ မြန်မာအဘိဓာန်တွင် သင်္ကြန်ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ။ ရေပက်ဖျန်းသည့် နှစ်သစ်ကူးပွဲတော်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

သင်္ကြန်ပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက်ကတည်းကပင် ကျင်းပခဲ့ကြသည်။ ပုဂံခေတ်မှ စတင်ကျင်းပခဲ့ဟန်ရှိပြီး ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် စသည့်ခေတ်အဆက်ဆက်၌ ကျင်းပခဲ့ကြောင်း ရှေးစာဆို ပညာရှင်ကြီးများ၏ စာပေအထောက်အထားများအရ သိရပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မန္တလေး ရတနာပုံနေပြည်တော်ခေတ်၌ အစည်ကားဆုံးဖြစ်ခဲ့သည်ဟုလည်း ဆိုကြသည်။

တစ်နည်းဆိုရသော် သင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ခေတ်အဆက်ဆက် ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်ကျင်းပလာခဲ့သည့် ပွဲတော်ကြီးဖြစ်သည်။

မြန်မာတို့၏ သင်္ကြန်ပွဲတော်သည် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ခံထားရသည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ ပွဲတော်တစ်ခုဖြစ်သည်။

ရေလောင်း၊ ရေပက်ကြသည်မှာ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းချိန်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို ရေဖြင့်ဆေးကြောခြင်း၊ အပူဒဏ်ကို ရေဖြင့်အေးမြစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်ကြခြင်းဖြစ်သည်။ ရှေးခေတ်သင်္ကြန်ပွဲတော်များတွင် သပြေခက်ဖြင့် ယဉ်ကျေးစွာ ရေပက်ကစားခဲ့ကြကြောင်း မှတ်သားရသည်။

သင်္ကြန်ကာလကို အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့ဟု လေးရက်တိုင်တိုင် ကျင်းပကြသည်။ ရက်ထပ်နှစ်များတွင် အကြတ်ရက် နှစ်ရက်ဖြစ်၍ ငါးရက်ကျင်းပကြသည်။ ထူးခြားလေးနက်သည့် အခါသမယဖြစ်၍ သင်္ကြန်ရက်များကို အခါတွင်း၊ အခါကြီးရက်ကြီးနေ့ဟုလည်း ဆိုကြသည်။ ရှေးအစဉ်အဆက်ကတည်းက ကျင်းပခဲ့သည့် သင်္ကြန်ပွဲတော်သည် ရေပက်ကစားခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းများနှင့် ယဉ်ကျေးမှုအစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်ကြသည့် ပွဲတော်ဖြစ်သည်။

သင်္ကြန်တွင်း၌ ရေပက်ရေလောင်း၍ ပျော်ရွှင်ကြသည်သာမက ကုသိုလ်ရေးဖြစ်သည့် ဘုရားစေတီများ၊ နေအိမ်များရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ သင်္ကြန်ကာလအတွင်း ဒုလ္လဘဝတ်ခြင်း၊ သက်ကြီးဘိုးဘွားများ ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ မိဘများနှင့် ဆရာများအား ဂါရဝပြုကန်တော့ခြင်း၊ မုန့်လုံးရေပေါ် စသည့်အစားအစာများကို စေတနာဒိသာ ကျွေးမွေးကုသိုလ်ပြုခြင်းများကို အစဉ်အလာမပျက် ပြုကြသည်။ သင်္ကြန်ရက်များအတွင်း မကောင်းသော အမှုကိစ္စများကို ရှောင်ကြဉ်ကြပြီး ကောင်းမှုကုသိုလ်များကိုသာ ပြုကြသည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်သည် တန်ခူးလပြည့်ကျော် ၁ ရက်နေ့သင်္ကြန်အတက်နေ့ (ဧပြီလ ၁၆ ရက်)တွင် ကုန်ဆုံး၍ တန်ခူးလပြည့်ကျော် ၂ ရက်နေ့ (ဧပြီလ ၁၇)ရက်နေ့သည် ၁၃၈၈ ခုနှစ်၏ မြန်မာနှစ်ဆန်း (၁) ရက်နေ့ဖြစ်သည်။ နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကိုကြိုဆိုသည့် သင်္ကြန်ပွဲတော်သည် ရှေးအစဉ်အလာမပျက် ကျင်းပခဲ့သည့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ပါသည်။

ရိုးရာအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း၍ တန်ခူးလ၏ သင်္ကြန်ပွဲတော်ကြီးကို ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲသွားကြရန်နှင့် နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံတော်၏အကျိုးများကို ခွန်အားအသစ်များဖြင့် ဆောင်ရွက်သွားနိုင်ကြပါရန် ရေးသားလိုက်ရပါသည်။ ။

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**မန္တလေး ဧပြီ ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အောင်မြေသာစံ မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင် အား အဆိုပြုခြင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ဌာန ရှစ်ခု၊ တိုင်းဒေသကြီးဝန်ကြီးဦးရေ ရှစ်ဦးနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးရေ ခုနစ်ဦး သတ်မှတ်ခြင်းကို လွှတ်တော်သို့ တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်း နိုင်ကြောင်း ကြေညာသည်။



ယင်းနောက် စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီ၊ ပြည်သူ့ရေးရာနှင့် လူမှုရေးဆိုင်ရာ ကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီများတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် ကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီများ ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူ ပြီး ကော်မတီများ ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်း ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကော်မတီ ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည် စာရင်းကို လွှတ်တော်သို့ တင်ပြပြီး တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက ယင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ကော်မတီဖွဲ့စည်း ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်း နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် အောင်မြေ သာစံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသ ကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင် အား အဆိုပြုခြင်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ဌာန ရှစ်ခု၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဦးရေ ရှစ်ဦးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် အပါအဝင် တိုင်းဒေသကြီး တရား လွှတ်တော်တရားသူကြီးများ ခုနစ်ဦး သတ်မှတ်ခြင်း ကိုလွှတ်တော်၏အဆုံးအဖြတ်ရယူ၍အတည်ပြုသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကော်မတီကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းသည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**ဟားခါး ဧပြီ ၆**

တတိယအကြိမ် ချင်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်း ပြည်နယ် လွှတ်တော်အဆောက် အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်း ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက တတိယ အကြိမ် ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ ရာနှုန်း ပြည့် တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက ချင်းပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန် ပေးနိုင်ရန် ဟားခါးမြို့နယ် မဲဆန္ဒ နယ် အမှတ် (၁) ဒေါက်တာ ဝုန်ဆွန်းထန် အား အဆိုပြုခြင်း ကို လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များ၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက အဆိုပြုထားသည့် ပြည်နယ်ဝန်ကြီးဌာန ခုနစ်ဌာန၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးအား သုံးဦး သတ်မှတ်ပေး နိုင်ရန် အဆိုပြုခြင်းကို လွှတ်တော် သို့ တင်ပြပြီး လွှတ်တော်၏ အဆုံး ဖြတ်ရယူ၍ အတည်ပြုသည်။

တတိယအကြိမ် ချင်းပြည် နယ်လွှတ်တော် ပုံမှန်အစည်း အဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အသိပေး ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**မုံရွာ ဧပြီ ၆**

တတိယအကြိမ် စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာ မြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးတွင် စစ်ကိုင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိ သည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ ရာခိုင်နှုန်း ပြည့် တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေး စတင် ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူက တိုင်းဒေသကြီး ဝန်ကြီး ဌာန ခုနစ်ခုနှင့် ဝန်ကြီးဦးရေ ခုနစ်ဦး၊ တိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီး ဦးရေ သုံးဦး သတ်မှတ်နိုင်ရေးအတွက် အဆိုပြုခြင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြု သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံ ထားရသူက စစ်ကိုင်းတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ခန့်အပ်နိုင်ရေး အတွက် ရွှေဘိုမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးကိုလေး အား အဆိုပြုခြင်းကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြပြီး လွှတ်တော် ၏ အဆုံးအဖြတ်ရယူ၍ အတည် ပြုသည်။

တတိယအကြိမ် စစ်ကိုင်း တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဖြူးမြို့နယ်၌ စားအုန်းဆီရောင်းချနေမှုများ ကြည့်ရှုစစ်ဆေး

**ဖြူး ဧပြီ ၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ တောင်ငူခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင် ဦးဆောင်သော စားအုန်းဆီ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး အဖွဲ့ဝင်များသည် မြို့ပေါ် ရပ်ကွက်များရှိ လက်လီ/ လက်ကား ကိုယ်စားလှယ် အရောင်းဆိုင်များကို ယနေ့ နံနက်ပိုင်းက စားအုန်းဆီရောင်းချ နေမှုများ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် စားအုန်းဆီများ ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏအတိုင်း မှန်ကန် စွာရောင်းချရေး၊ ကုန်စုံဆိုင်များ တွင် ရောင်းချနေသော အမှတ် တံဆိပ်ပါ ဘူးသွင်းဆီများ ဈေးနှုန်းမြင့်တင် ရောင်းချမှု မရှိစေရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်**
**(ပြန်/ဆက်)**



# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**ပဲခူး မေ ၆**

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသည့် ဦးမျိုးဆွေဝင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးမြို့မဲဆန္ဒနယ် အမှတ်(၁)အား ခန့်အပ်တာဝန်ပေးကြောင်း ကြေညာခဲ့ပြီး ဝန်ကြီးဌာန ခုနစ်ဌာနနှင့် ဝန်ကြီး ခုနစ်ဦး၊ တရားလွှတ်တော်တရားသူကြီးချုပ် တစ်ဦးနှင့် တရားလွှတ်တော်တရားသူကြီး လေးဦးတို့အား တိုင်းဒေသကြီး လွှတ်တော်သို့ အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊



လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏အမည်စာရင်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို မေ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**မကွေး မေ ၆**

တတိယအကြိမ်မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက မကွေးမြို့ တိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးအတွက် မကွေး မဲဆန္ဒနယ် အမှတ်(၂) ဦးတင်ကိုကိုအား လွှတ်တော်သို့ တင်ပြပြီးအတည်ပြုချက်ရယူရန် အတည်ပြုသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မကွေး တိုင်းဒေသကြီး ဝန်ကြီးဌာန ခုနစ်ခုနှင့် မကွေးတိုင်းဒေသကြီး လွှတ်တော် တရားသူကြီးဦးရေ သုံးဦး သတ်မှတ်ခြင်းကို လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီနှင့် တိုင်းဒေသကြီး လွှတ်တော်လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကော်မတီဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များ၊ သက်တမ်းအား လွှတ်တော်သို့ တင်ပြပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် ပြည်သူ့ရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးသိန်းဇော်မင်းတုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) အပါအဝင် အဖွဲ့ဝင် ကိုယ်စားလှယ် ကိုးဦးဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ်



ဦးအောင်နိုင်လင်း ငဖဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) အပါအဝင် အဖွဲ့ဝင်ကိုယ်စားလှယ် ကိုးဦးဖြင့် လည်းကောင်း ဖွဲ့စည်းကြောင်းကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြရာ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းကာ တတိယအကြိမ်မကွေး တိုင်းဒေသကြီးလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို မေ ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုရဲ(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး “လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်၊ ဝါဖိစက်နှင့် ရက်ကန်းရုံရှိ BOD များ၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၆**

ဝါစိုက်တောင်သူများ ဈေးကွက်ရရှိစေရန်နှင့် ဝါကြိတ်စက်၊ ရက်ကန်းစက်များအတွက် ကုန်ကြမ်းများ ရရှိစေနိုင်ရေး ရည်ရွယ်၍ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ “လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမ အသင်းလီမိတက်၏ အသင်းအမှုဆောင်များ၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် “လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်း၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ “လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဝါစိုက် အသင်းသား တောင်သူများ



တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက “လှ” ချည်မျှင် ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်ကို ယခုကဲ့သို့ တည်ထောင်နိုင်ခြင်းအားဖြင့် နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ် စသည့် မြို့နယ်များမှ သမဝါယမအသင်းသား ဝါစိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ဝါများကို ဈေးကောင်းပေး၍ ဝယ်ယူကာ ကြိတ်ခွဲ ထုတ်လုပ်ပေးနိုင်သည့်အတွက် တောင်သူများအတွက် ဈေးကွက်ရရှိကာ ဈေးနှိမ်ခံရသည့် ကိစ္စများဖြစ်လာခြင်း မရှိတော့ကြောင်း။

နေပြည်တော် ကောင်စီအတွင်း၌ ယခုကဲ့သို့ သမဝါယမကဏ္ဍမှ ဝါကြိတ်စက်၊ ဝါဖိစက်နှင့် စက်ရက်ကန်းရုံ တည်ထောင်လည်ပတ်ခြင်းဖြင့် ပြည်တွင်း ချည်ချောထုတ်လုပ်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး ပြည်တွင်းသုံးစွဲမှု ဖူလုံရုံသာမက ပြည်ပသို့ပါ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်သူများ၊ ဝါလုပ်ငန်းရှင်များ၊ သမဝါယမဦးစီးဌာန အဆင့်ဆင့်မှ တာဝန်ရှိသူများ အားလုံးအနေဖြင့် သမဝါယမစနစ်ဖြင့် ပံ့ပိုးကူညီပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် “လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

“လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ ရက်ကန်းစက်ရုံတွင် ရက်ကန်းစင် ၃၅ စင် တပ်ဆင်လည်ပတ်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိစင် ၂၀ လည်ပတ်လျက်ရှိကြောင်း၊ ရက်ကန်းစင် တစ်စင်သည် ရှစ်နာရီ တစ်ဆိုင်းလျှင် ပိတ် ကိုက် ၈၀ ထွက်ရှိပြီး တစ်ရက်လျှင် ပိတ်အုပ်ကိုက် ၁၂၀ ထွက်ရှိကြောင်း၊ စက်ရုံမှ ကလေးအနှီးပိတ်များ၊ ဆေးရုံ ဆေးခန်းသုံး ပတ်တီးများ၊ စောင်၊ လုံချည်၊ အထက်ဆင်များကို ရက်လုပ်ကြောင်း သိရသည်။

ဝါကြိတ်စက်အတွက် စက်ရုံမှ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်များရှိ ကျေးရွာ သမဝါယမအသင်းသား ဝါစိုက်တောင်သူများထံမှ ၂၀၁၅-၂၀၁၆ ဝါရာသီမှာ ဝါပိဿာချိန် ၁၀၅၀၀၀ ကိုပြင်ပပေါက်ဈေးထက် ဈေးပိုပေး၍ ဝယ်ယူပေးနိုင်ခဲ့ပြီး လာမည့် ၂၀၁၆-၂၀၁၇ နှစ်တွင် ပိဿာချိန် သုံးသိန်းခန့် ဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဝါကြိတ်ခွဲ၍ ထွက်ရှိလာသော ဝါစေ့များကိုလည်း ကြိတ်ခွဲ၍ ဆီထုတ်လုပ်နိုင်ရေးအတွက် ဆီကြိတ်စက် တပ်ဆင်လည်ပတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာရှိ ဆီစက်ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**ရန်ကုန် ဧပြီ ၆**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး ပြည်ထောင်စုလွှတ်တော်နာယကထံမှ ပေးပို့လာသည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာအား ဖတ်ကြားတင်ပြကာ မှတ်တမ်းတင်ကြောင်း ကြေညာသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက အဆိုပြုပေးပို့လာသည့် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူ၏ အမည်စာရင်း၊ တိုင်းဒေသကြီးဝန်ကြီးဌာန အရေအတွက်နှင့် တိုင်းဒေသကြီးဝန်ကြီးဦးရေအရေအတွက်၊ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးဦးရေ အရေအတွက် သတ်မှတ်နိုင်ရေးအဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူကာ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ်ကြေညာပြီး တိုင်းဒေသကြီးဝန်ကြီးဌာန ၁၀ ခု၊ တိုင်းဒေသကြီးဝန်ကြီး ၁၀ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်တရားသူကြီး ခြောက်ဦး သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



**ထားဝယ် ဧပြီ ၆**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကက ပေးပို့ခဲ့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက အဆိုပြုသည့် မြိတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးဇော်နိုင်ဦး၏ အမည်စာရင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)အရ တိုင်းဒေသကြီးဝန်ကြီးဌာန ရှစ်ခု၊ တိုင်းဒေသကြီးဝန်ကြီးဦးရေ ရှစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဦးရေ သုံးဦး သတ်မှတ်ပေးနိုင်ရန် အဆိုပြုလာမှုအပေါ် လွှတ်တော်၏ အဆုံးဖြတ်ရယူ၍ အတည်ပြုသည်။

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ဧပြီ ၇ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

ရောက်ရှိလာခဲ့ပြီး စက်သုံးဆီသုံးစွဲမှုကို သိသာစွာ လျှော့ချနိုင်ခဲ့ပါသည်။


၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ယနေ့ထိ စာရင်းများအရ နေ့စဉ် ပျမ်းမျှ စက်သုံးဆီသုံးစွဲမှုသည် ၃ ဒသမ ၅၄ ဂါလန်သန်းမှ ၂ ဒသမ ၅ ဂါလန်သန်းသို့ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းသို့ နေ့စဉ် ပျမ်းမျှသုံးစွဲမှုနှုန်း ၂၉ ရာခိုင်နှုန်း လျှော့ချနိုင်ခြင်းသည် တစ်ရက်လျှင် နိုင်ငံခြားငွေသုံးစွဲမှု အမေရိကန်ဒေါ်လာ ခြောက်သန်းခန့် သက်သာစေမည်ဖြစ်သည့်အပြင် အရန်ဆီသိုလှောင်နိုင်မှု ၁၀ ရက်စာ ပိုမိုသိုလှောင်လာနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီများကို နှစ်စဉ်တန်ချိန် ငါးသန်းခန့် တင်သွင်းနေရသဖြင့် အမေရိကန်ဒေါ်လာသန်း ၅၀၀၀ ကျော် သုံးစွဲရမည်ဖြစ်ရာ ယခုကဲ့သို့ စက်သုံးဆီကို စနစ်တကျ သုံးစွဲလာနိုင်ပါက နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၂၀၀၀ ခန့် လျှော့နည်းသက်သာစေမည်ဖြစ်ပါသည်။

နိုင်ငံတော်တွင် စက်သုံးဆီဖူလုံမှုအနေဖြင့် ဓာတ်ဆီ ရက် ၄၀ နှင့် ဒီဇယ် ၅၀ ရက်ခန့်ရှိပြီး ဧပြီလအတွင်း သင်္ဘော ၂၆ စင်း ထပ်မံတင်သွင်းရန် စီမံထားရှိပြီးဖြစ်ပါသည်။ ထို့အပြင် မိတ်ဆွေနိုင်ငံများမှ တင်သွင်းရန် ရေရှည်အစီအမံပြုလုပ်ပြီး ဝယ်ယူရရှိနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် သတင်းများကိုသာယုံကြည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

အခြေအမြစ် ခိုင်လုံမှုမရှိသည့် သတင်းများဖော်ပြခြင်း၊ ပြည်သူများ စိုးရိမ်ကြောင့်ကြမှု မြင့်တက်စေရန် ရည်ရွယ်သည့် ခေါင်းစဉ်များတပ်၍ ဖော်ပြခြင်းတို့ကို ပြုလုပ်နေသည့် မီဒီယာများကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ ဆက်သွယ်၍ သတိပေးလျက်ရှိပါသည်။




ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် စက်သုံးဆီဝယ်ယူနိုင်မည့် စည်းကမ်းများအတိုင်း လိုက်ပါဆောင်ရွက်ခြင်း၊ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့်လည်း QR Code ဖြင့် ရောင်းချမှုအပေါ် ထပ်မံလိုအပ်လာပါက အရေးပေါ် ဆီဖြည့်တင်းခွင့် ရရှိနေခြင်း ရှိနေသည့်အတွက် ကြောင့်ကြကင်းစွာ ရောင်းချဝယ်ယူကြပါရန်နှင့် အခက်အခဲများရှိပါက Call Center များသို့ ဆက်သွယ်အကြောင်းကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၆**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# အမေရိကန်-ဖိလစ်ပိုင် ပုံမှန်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဂျပန်ပထမဆုံးအကြိမ် ပူးပေါင်းပါဝင်မည်

**မနီလာ မေ ၆**

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို စတင်လိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယခုနှစ်တွင် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုလိုက်ပြီးနောက် ပထမဆုံးအကြိမ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။ Salaknib ဟု အမည်ပေးထားသော အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုဖွင့်ပွဲကို မေ ၆ ရက်က လူဇွန်ကျွန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့အပါအဝင်နိုင်ငံ ငါးနိုင်ငံမှ တပ်ဖွဲ့ဝင် ၇၀၀၀ ခန့် ယခုပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး(ကြည်း) တပ်မှ တပ်ဖွဲ့ဝင် ၄၂၀ ခန့် ပူးပေါင်းပါဝင်သွားမည်ဖြစ်ပြီး အခြားသောတပ်ဖွဲ့များနှင့် ကွပ်ကဲရေး၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ထိန်းချုပ်ရေးအပြင် ကျည်အစစ်ဖြင့် ပစ်ခတ်လေ့ကျင့်မှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင်စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံသည် လေ့လာသူအဖြစ်သာ ပါဝင်ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့်နှစ်က တိုကျိုနှင့် မနီလာတို့အကြား စတင်အသက်ဝင်ခဲ့သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးတို့တွင် ယခုနှစ်မှစတင်ကာ စစ်ဘက်ရေးရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားနိုင်တော့မည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ




# ယခုနှစ် ပထမသုံးလပတ်အတွင်း ဗီယက်နမ်သို့ နိုင်ငံတကာခရီးသွား ၆ ဒသမ ၇၆ သန်း ဝင်ရောက်

**ဟန်နွိုင်း မေ ၆**

ယခုနှစ် ပထမသုံးလပတ်တာကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၆ ဒသမ ၇၆ သန်း ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်ကထက် ၁၂ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၏ပြောကြားချက်ကို ဗီယက်နမ်သတင်းဌာနက မေ ၆ ရက်တွင် ကိုးကားဖော်ပြထားသည်။

ယင်းကာလအတွင်း လေကြောင်းမှတစ်ဆင့် ခရီးသွားဝင်ရောက်မှုမှာ အများဆုံးဖြစ်ပြီး ခရီးသွားဝင်ရောက်မှု စုစုပေါင်း၏ ၈၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းနောက် ကုန်းလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်မှု ၁၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ပင်လယ်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်မှု ၂ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။



တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ အနက် ၁ ဒသမ ၄ သန်းနှင့် ၁ ဒသမ ၃ သန်း အသီးသီးရှိပြီး အများဆုံးဖြစ်သည်။ ယင်းမှာ ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းဝန်းကျင်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အသက် ၈၀ ကျော် ဂျပန်အမျိုးသမီးကြီးတစ်ဦးထံမှ ယန်း ၁ ဒသမ ၂ ဘီလီယံငွေကြေးလိမ်လည်မှုဖြစ်ပွား

**တိုကျို မေ ၆**

ဂျပန်နိုင်ငံအနောက်ပိုင်း အဲဟိမဲခရိုင်တွင် နေထိုင်သော အသက် ၈၀ ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးကို ရဲနှင့် ရှေ့နေများအဖြစ် ဟန်ဆောင်သူများက ယန်း ၁ ဒသမ ၂ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်း လိမ်ညာရယူသွားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက အဆိုပါအမှုကို အထူးလိမ်လည်မှုအဖြစ် သတ်မှတ်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါအမှုတွင် ပြစ်မှုကျူးလွန်သူများက ၎င်းတို့၏ပစ်မှတ်သားကောင်များကို ဖုန်းဖြင့်သော်လည်းကောင်း၊ တခြားနည်းလမ်းများဖြင့်သော်လည်းကောင်း၊ ဆက်သွယ်လာပြီး မိသားစုဝင်များအဖြစ်သော်လည်းကောင်း သို့မဟုတ် အခွင့်အာဏာရှိသူများအဖြစ်သော်လည်းကောင်း ဟန်ဆောင်လိမ်ညာပြီး ငွေကြေးလိမ်လည်ရယူခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်အရ လွန်ခဲ့သောနှစ် အောက်တိုဘာလတွင် အမျိုးသမီးကြီးတစ်ဦး ယခုလို ငွေကြေးလိမ်လည်ခံလိုက်ရသေးကြောင်း သိရသည်။ အဆိုပါအမှုတွင် ကျန်းမာရေးဝန်ထမ်းအဖြစ်ဟန်ဆောင်ထားသူတစ်ဦးက အဆိုပါအမျိုးသမီးကြီးကို ဖုန်းဖြင့်ဆက်သွယ်လာပြီး အမျိုးသမီးကြီး၏ ကျန်းမာရေးအာမခံကတ်သည် မတရားသောနည်းဖြင့် အသုံးချခံနေရကြောင်းနှင့် ရဲစခန်းကို ဆက်သွယ်ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

နောက်ပိုင်းတွင် ရဲနှင့်ရှေ့နေများအဖြစ် ဟန်ဆောင်လိမ်ညာသူများက လူမှုမီဒီယာမှတစ်ဆင့် အမျိုးသမီးကြီးကို ဆက်သွယ်လာပြီး သူမ၏အကောင့်မှာ ငွေကြေးခဝါချရာတွင် အသုံးချခံနေရကြောင်း ပြောကြားပြီး ကတ်ထဲတွင် ရှိသမျှငွေအကုန်လွှဲပေးရန် ဖျားယောင်းပြောဆိုခဲ့ကြသည်။

အဆိုပါအမှုတွင် အမျိုးသမီးကြီးသည် ယန်း ၁ ဒသမ ၂ ဘီလီယံ ဆုံးရှုံးနစ်နာခဲ့သည်။ နောက်ပိုင်းတွင် အမျိုးသမီးကြီးသည် မိမိကို ဆက်သွယ်လာသူများကို ပြန်လည်ဆက်သွယ်၍ မရတော့ပေ။ ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီးနောက်မှ ၎င်းအလိမ်ခံလိုက်ရကြောင်း သိရှိခဲ့ခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

# မာဇဒါကားထုတ်လုပ်ရေးကုမ္ပဏီ အရှေ့အလယ်ပိုင်းအတွက် ရည်ရွယ်ထားသည့် ကားထုတ်လုပ်မှုများကို ရပ်ဆိုင်း

**တိုကျို မေ ၆**

မာဇဒါက အရှေ့အလယ်ပိုင်းအတွက် ရည်ရွယ်ထားသော ပြည်တွင်းကား ထုတ်လုပ်မှုများကို ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။ ဟော်မုဇ်ရေလက်ကြားပိတ်လိုက်ခြင်း၏ အကျိုးသက်ရောက်မှုများအပြီး ယခုလို မာဇဒါက ကြေညာလိုက်ခြင်းဖြစ်သည်။

ဂျပန် ကားထုတ်လုပ်ရေးကုမ္ပဏီသည် နှစ်စဉ်နှစ်တိုင်း ဆော်ဒီအာရေဗျ၊ အစ္စရေးနှင့် တခြားဒေသများသို့ ကားစီးရေ ၃၀၀၀၀ ကျော် တင်ပို့ခဲ့သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခစတင်ဖြစ်ပွားချိန် ကတည်းက ကုမ္ပဏီသည် ထုတ်လုပ်မှုအဆင့်ကို မပြောင်းလဲဘဲ ထိန်းသိမ်းထားသည်။ ကားကုမ္ပဏီသည် ဟော်မုဇ်စစ်ဆေးရေး ဂိတ်ကို ရှောင်ရှားနိုင်ရန် ဖြစ်နိုင်သမျှသော သင်္ဘော လမ်းကြောင်းများကို ရှာဖွေခဲ့သည်။

သို့သော်လည်း ကားစီးရေ သိုလှောင်မှု တိုးပွားလာသောကြောင့် ကုမ္ပဏီသည် ဧပြီလနှင့် မေလတွင် အရှေ့အလယ်ပိုင်းအတွက် ထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့သည်ဟု သတင်းရင်းမြစ်များက ဖော်ပြထားသည်။ အခြေအနေပေါ်မူတည်၍ မည်သို့ဆက်လက်လုပ်ဆောင်သွားမည် ဆိုသည်ကို ကုမ္ပဏီက ဆုံးဖြတ်သွားမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းသို့ ကားတင်ပို့မှု ရပ်ဆိုင်းလိုက်သော်လည်း ဂျပန်နိုင်ငံတွင် ထုတ်လုပ်သော စုစုပေါင်း ကားထုတ်လုပ်မှုကို ထိခိုက်မည်မဟုတ်ဟု သတင်းရင်းမြစ်များက ပြောသည်။ ကုမ္ပဏီသည် ဝယ်လိုအားမြင့်တက်နေသည့် ဥရောပနှင့် အခြားဈေးကွက်များအတွက် ထုတ်လုပ်မှုကို တိုးမြှင့်ရန် စီစဉ်လျက်ရှိသည်။

ပဋိပက္ခကြားတွင် တိုယိုတာ ကားထုတ်လုပ်ရေး ကုမ္ပဏီသည် မတ်လတွင် အရှေ့အလယ်ပိုင်းအတွက် ကားစီးရေ ၂၀၀၀၀ ခန့် လျှော့ချခဲ့သည်။ ဧပြီလတွင်လည်း စီးရေ ၂၄၀၀၀ ကို လျှော့ချမည်ဖြစ်သည်။ နစ်ဆန်း ကားကုမ္ပဏီသည် မတ်လတွင် ကားစီးရေ ၁၂၀၀ ခန့် လျှော့ချထုတ်လုပ်ခဲ့ပြီး ဧပြီလတွင် အကြမ်းဖျင်းအားဖြင့် အလားတူ လျှော့ချထုတ်လုပ်မှုများ လုပ်ဆောင်သွားမည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ



# ထိုင်းဝန်ကြီးချုပ် ဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆို

**ဘန်ကောက် မေ ၆**

ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူ ဦးဆောင်သော ညွန့်ပေါင်းအစိုးရသစ်သည် လွန်ခဲ့သောသီတင်းပတ်ကရရှိခဲ့သည့် တော်ဝင်ထောက်ခံချက်ဖြင့် မေ ၆ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အဖွဲ့ဝင် ၃၅ ဦးပါ အစိုးရအဖွဲ့သည် ဘန်ကောက်မြို့ ဒူဆစ်နန်းတော်၌ ကျင်းပသည့် ရိုးရာအခမ်းအနားတွင် ဘုရင် မဟာဝဇီရာလောင်ကွန်းနှင့် ပရိသတ်ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲသို့ အနူတင်နှင့် ဒုတိယဝန်ကြီးချုပ် ခုနစ်ဦးတို့နှင့်အတူ အခြားသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ လက်ထောက်များလည်း တက်ရောက်ခဲ့သည်။

အသက် ၅၉ နှစ်အရွယ် ဘွန်ဂျိုင်ထိုင်းပါတီခေါင်းဆောင် အနူတင်သည် မတ်လတွင်ကျင်းပသော ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးကောက်ခံခဲ့ရသည်။

ဆင်ဟွာ

# ဥတ္တရသီရိရေလှောင်တမံ ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆင်သေရေလွှဲဆည်အသစ်တည်ဆောက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင်တည်ရှိသည့် ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်၍ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခဲ့သည့် မြေသားတမံပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် အကူရေပိုလွှဲအနီးတွင် ရေတံခါးတပ်အရေးပေါ်ရေပိုလွှဲထပ်မံဖြည့်စွက် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရေတံခါးတပ်အရေးပေါ်ရေပိုလွှဲကို အတည်ပြု ဒီဇိုင်းပုံစံများအတိုင်း အရည်အသွေးပြည့်မီစွာ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရန်၊ အရေးပေါ်ရေပိုလွှဲနှင့် မြေသားတမံထိစပ်သောနေရာများတွင် မြေပြန်ဖို့ရာ၌ မြေသားသိပ်သည်းမှု ကောင်းမွန်စေရန်အတွက် အလွှာအလိုက်တစ်ဆင့်ချင်း စနစ်တကျဆောင်ရွက်ရန်၊ မြေသားတမံ ပြုပြင်ခြင်းလုပ်ငန်းတွင် အပေါ်ယံမြေလွှာများအား စနစ်တကျဖယ်ရှားရန်၊ မြေသားများ ပြန်လည်ဖို့ကြိတ်ရာတွင်လည်း သင့်လျော်ကောင်းမွန်သည့် မြေအမျိုးအစားဖြင့် အလွှာလိုက်ဖို့၍ သိပ်သည်းမှုကောင်းအောင် စနစ်တကျဆောင်ရွက်ရန်၊ တမံအခြေရှိ ရေစစ်ကျောက်ရိုးကို အရည်အသွေးကောင်းမွန်သည့် ကျောက်များဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်ရန်၊ တမံမှ ရေစစ်လွှာများနှင့် ရေစစ်ကျောက်ရိုးတို့အား ကောင်းမွန်စွာချိတ်ဆက်မိစေရေး ဂရုပြုဆောင်ရွက်ရန်၊ ဆည်အတွင်း ရေသိုလှောင်မှု လျော့နည်းနေသည့်အချိန်တွင် ပြုပြင်ခြင်းဖြစ်သောကြောင့် တမံအတွင်း စုဆောင်းပြီးရေများကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ မြို့ရေပေးဝေရေးအတွက် သုံးစွဲနိုင်ရေးနှင့် လုပ်ငန်းအမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားသည်။

ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာ ဧက ၁၅၀၀၊ တမံအမြင့်ပေ ၆၀၊ တမံအလျားပေ ၁၁၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းရေး)မှ တာဝန်ယူထိန်းသိမ်းထားသော တမံတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်မည့်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက ဆင်သေရေလွှဲဆည်အသစ်



တည်ဆောက်ခြင်းလုပ်ငန်းအား ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အကြိုတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေလွှဲဆည်အူကြောင်း (Alignment) ရွေးချယ်ထားရှိမှု၊ သတ်မှတ်ဒီဇိုင်းပုံစံအရ မြေပြင်အနေအထားနှင့် ကိုက်ညီမှု ရှိမရှိ အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ သတ်မှတ် Schedule အစီအစဉ်များအတိုင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဆင်သေရေသောက်စနစ် လက်ယာမြောင်းမကြီးနှင့် လက်ဝဲမြောင်းမကြီး လက်တံ (၁) မြောင်း အဖျားပိုင်းအထိ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆင်သေရေလှောင်တမံအနေဖြင့် ယခုနှစ် ၂၀၂၅-၂၀၂၆ နွေသီးနှံရာသီတွင် နွေစပါးနှင့် နွေအခြားသီးနှံ လျာထားကေပေါင်း ၁၁၅၈၀ ရှိသည့်အနက် ယနေ့အထိ နွေစပါး ဧက ၈၄၈၈ ဧကနှင့် နွေအခြားသီးနှံ ဧက ၈၈၀ ကို စိုက်ပျိုးရေပေးဝေထားရှိပြီး ကျန်ဧကများကိုလည်း စိုက်ပျိုးရေဆက်လက်ပေးဝေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ကျောက်မဲမြို့၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကျောက်မဲ မေ ၆**

ရှမ်းပြည်နယ် ကျောက်မဲမြို့၌ မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော်ကို ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗဟိုမဏ္ဍပ်ကို မြို့ကျက်သရေဆောင်ခန်းမရှေ့၌ တည်ဆောက်မည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ကို ကံ့ကော်လမ်းပေါ်တွင် ကျင်းပမည်ဖြစ်သည်။ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်များကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဖျော်ဖြေရေးအစီအစဉ်များတွင် ဒေသခံအနုပညာရှင်များနှင့် ယိမ်းအဖွဲ့များက ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး စတုဒိသာကျွေးမွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ အပူဒဏ်အန္တရာယ်ဖြစ်ပွားလာပါက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကြိုတင်ကာကွယ်နိုင်ရေးပြင်ဆင်ထားရှိ

**တံတားဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ပူပြင်းသည့် နွေရာသီကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်တတ်သောရောဂါများအား မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်ပြသသော လူနာများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်ပြည်သူ့




ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကြောင့်ရောက်ရှိလာသော လူနာများအား လက်ခံကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေးအတွက် အပူဒဏ်အန္တရာယ်ကြောင့်ဖြစ်ပွားသည့် လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်းညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများအပါအဝင် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသပေးရန်အတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော ကျန်းမာရေးအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်နည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ကြရန်နှင့် အခြားသူများကို လိုက်နာဆောင်ရွက်ရေး တိုက်တွန်းပေးစေလိုကြောင်း သိရသည်။ **ရဲတင့် (ပြန်/ဆက်)**



## သာယာဝတီမြို့နယ်၌ လမ်းလျှောက်သင်္ကြန်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**သာယာဝတီ မေ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အား လမ်းလျှောက်သင်္ကြန်၊ ဗဟိုမဏ္ဍပ်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

ထိုသို့ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် သာယာဝတီမြို့ ဘူတာလမ်းရှိ ဆရာစံခန်းမရှေ့ လမ်းဆုံနေရာ၌ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါဗဟိုမဏ္ဍပ်၌ကျင်းပမည့် ယိမ်းအကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကွက်သစ်ရပ်ကွက်၊ ရွာကြီးကုန်းရပ်ကွက်၊ ကျောင်းစုရပ်ကွက်၊ စံရွေးတန်းရပ်ကွက်နှင့် ဗေဒင်ကုန်းရပ်ကွက်၊ အရှေ့ရိုးကြီးရပ်ကွက်အပါအဝင် မြို့ပေါ်ရပ်ကွက်ကြီးများ ယိမ်းအဖွဲ့များက သက်ဆိုင်ရာရပ်ကွက်များ၌ အဖွဲ့လိုက် ယိမ်းအကတိုက်ခြင်းများ ဆောင်ရွက်လျက်ရှိကာ လမ်းလျှောက်သင်္ကြန်ကို ဗဟိုမဏ္ဍပ်လမ်းဆုံမှစတင်ကာ ဘူတာလမ်း လမ်းအတိုင်းကျင်းပမည်ဖြစ်ပြီး စတုဒိသာကျွေးမွေးခြင်း၊ သနပ်ခါးပြိုင်ပွဲ၊ လက်ဖက်စားမှတ်တမ်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အကတိုက်နေသည့်နေရာများသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟို၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သံစဉ်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။ **သန့်ဇော်(ပြန်/ဆက်)**

## အပူရှောင်စခန်း၌ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် အာဟာရဒါနကျွေးမွေးနေမှုများ ကြည့်ရှု

**ရေနံချောင်း မေ ၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မြို့မမြောက်ရပ်ကွက် သာသနာ့မဏ္ဍိုင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် အပူရှောင်စခန်းတွင် လာရောက်နားခိုသည့် အဘိုးအဘွားများနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် အာဟာရဒါနကျွေးမွေး ကုသိုလ်ပြုဆောင်ရွက်နေမှုများကို မေ ၅ ရက်တွင် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

အပူရှောင်စခန်းနှင့် ပတ်ဝန်းကျင်ကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် ရေဖျန်းပေးခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့က ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များပူးပေါင်း၍ အာဟာရဒါနကုသိုလ်ပြု ကျွေးမွေးဆောင်ရွက်ပေးနေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို



ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါအပူရှောင်စခန်းကို မတ် ၁၆ ရက်က စတင်ဖွင့်လှစ်ထားပြီး အပူရှောင်လာရောက် နားခိုသည့် အဘိုးအဘွား ၇၀ ခန့်ရှိကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။ **ကိုစိုးကြီး**

# အကောက်ခွန်ဦးစီးဌာန၏ MACCS Online Payment System အား ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ဖြင့် စတင်အသုံးပြု

**ရန်ကုန် ဧပြီ ၆**

"MACCS Online Payment System အား ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ဖြင့် အသုံးပြုကြောင်း ကြေညာခြင်း" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှိ ဇေယျာသီဟအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ဧရာဝတီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်၊ သမဝါယမဘဏ်လီမိတက်၊ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်နှင့် ရိုးမဘဏ်လီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ကိုယ်စား ဧရာဝတီဘဏ်လီမိတက်မှ စနစ်ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး MACCS Online Payment System အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု မှတ်တမ်းအား ပြသ၍ ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ဖြင့် MACCS Online Payment System အား MACCS စနစ်အသုံးပြုသော ဒေသများတွင် စတင်အသုံးပြုကြောင်း ကြေညာသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၃) ကြိမ်မြောက် SEA Leadership Meeting အကြိုညှိနှိုင်း အစည်းအဝေးကျင်းပ



**ရန်ကုန် ဧပြီ ၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက (၂၃) ကြိမ်မြောက် Southeast Asia Leadership Meeting ပြုလုပ်နိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အသင်းရန်ကုန်ရုံးခွဲ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ဒုတိယ အထွေထွေအတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head of Delegation Ms. Nadia KHOURY နှင့် တာဝန်ရှိသူများ၊ (၂၂) ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့်မလေးရှားနိုင်ငံ လခြမ်းနီအသင်းမှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ (၂၄) ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံကြက်ခြေနီအသင်းမှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အရှေ့တောင်အာရှနိုင်ငံများရှိ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများမှ ဦးဆောင်ဦးရွက်ပြုနေသူများ တက်ရောက်ကြမည်ဖြစ်သည့် အဆိုပါ အစည်းအဝေးကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ဒုတိယအပတ်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အစည်းအဝေးတွင်ပြုလုပ်မည့် လုပ်ငန်းစဉ်များနှင့် ဒေသတွင်း လူမှုကရုဏာလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးနိုင်ရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်း အကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကျောက်ဆည် ဧပြီ ၆**

ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ စက်ရုံများ၊ အလုပ်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဈေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ဖျောက်ဆိပ်ပင်ကျေးရွာ ငွေနန်းဖြူစက်သုံးဆီအရောင်းဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည်။



ထိုသို့ စစ်ဆေးခြင်းများဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးလောင်မှုဖြစ်ပွားရခြင်း၏ အခြေခံသဘောတရားများနှင့် မီးလောင်မှု အမျိုးအစားများအကြောင်း အသိပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## "မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ် တန်ခူးလဆုတ်(၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁)ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ"

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

( ခ ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

( ဂ ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

( င ) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

( စ ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။

( ဇ ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

( ဈ ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။

(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲ ဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။

( ဋ ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၁) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဧပြီ ၆**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၁)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက်နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများ အလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၁) မှ သင်တန်းသားများကို ကွပ်ကဲခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၁)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–












အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းစစ်သည်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်က ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှုကို တွေ့ရစဉ်။

**အင်တာဗျူး(၁)**

ကျွန်တော်ကတော့ အခက်အခဲတွေတော့ အများကြီးရှိတာပေါ့။ ကျွန်တော် အပြင်လူတစ်ယောက်အနေနဲ့ ဒီတပ်မတော်ထဲ ရောက်လာတယ်ဆိုတော့ ကျွန်တော်တို့ အရပ်ဘက်နဲ့တော့ ကွာတာပေါ့ဗျ။ စည်းကမ်းတော့ ရှိလာတယ်၊ ကျွန်တော်တို့ အကုန်လုံးပေါ့၊ အစစအရာရာပြောင်းလဲလာတယ်ဗျ။ သင်ကြားပေးတဲ့ ဘာသာရပ်တွေကတော့ ကျွန်တော်တို့ စစ်နည်းဗျူဟာပိုင်းပေါ့။ လက်နက်ငယ်ပိုင်းပေါ့၊ အများကြီးပါပဲ။ ကျွန်တော်တို့ကို သင်ကြားပေးပါတယ်ဗျ။ ကျွန်တော်ယုံကြည်မှုရှိလာတယ်ဗျ။ ကျွန်တော် အရပ်သား ဘဝတုန်းကတော့ ပေ့ါပျက်ပျက်နေခဲ့တယ်ပေါ့၊ အခုတော့ စည်းကမ်းနဲ့ နေတတ်လာတယ်။ ကျွန်တော်အမိန့်လည်း နာခံတတ်လာတယ်ဗျ။ စစ်သားကောင်းတစ်ယောက် ဖြစ်အောင်လည်း ကျွန်တော်နေထိုင်သွားမှာပါဗျ။

**အင်တာဗျူး(၂)**

ကျွန်တော်တို့ အရပ်သားတုန်းကတော့ လူငယ်တွေဖြစ်တဲ့အတွက် တစ်ခါတလေ ပျက်စီးခဲ့တာတွေ၊ မလိုအပ်ဘဲ ပျက်စီးခဲ့တာတွေလည်း ရှိကောင်းရှိခဲ့ပါတယ်။ အများကြီးပဲ အတော်များများ ပြောင်းလဲလာကြပါတယ်။ အကုန်လုံးက ကိုယ့်ခြေထောက်ကို ကိုယ်ရပ်ရမယ့် အနေအထားမျိုးမှာ အကောင်းဆုံးကြိုးစားသွားပါမယ်။ ကျွန်တော်တို့ စစ်သားတွေ ဖြစ်တဲ့အတွက် ကျန်းမာကြံ့ခိုင်ရမယ်။ ကျွမ်းကျင်မှုရှိရမယ်။ ရဲစွမ်းသတ္တိရှိရမယ်။ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးပြုပြင် ပြောင်းလဲလာရမယ်။ တပ်မတော်သားတစ်ယောက်ဖြစ်တဲ့အတွက် တစ်ဦးချင်းမဟုတ်တော့ဘဲ အဖွဲ့အစည်းအလိုက် အကောင်းဆုံး ကြိုးစားသွားဖို့တွေးထားပါတယ်။

**အင်တာဗျူး(၃)**

အတွေ့အကြုံတွေ ကတော့ နည်းနည်းတော့ ခက်ခဲကြမ်းတမ်းတာပေါ့။ ဒါပေမယ့် သင်ကြားပေးတဲ့ ပညာကတော့ စစ်နည်းဗျူဟာရယ်၊ လက်နက်ငယ်အပိုင်းရယ်၊ ကြံ့ခိုင်ရေးရယ်၊ စစ်ရေးပြ ကျွမ်းကျင်မှုရယ် သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော်အခု ကျရောက်တဲ့ မိခင်တပ်ရင်းကို အထက်ကပေးတဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာပြီးတော့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားပါမယ်။ ယောက်ျားတိုင်းကတော့ ဒီစစ်မှုထမ်းကို ထမ်းဆောင်ရမှာပေါ့။ ကျွန်တော်ကတော့ တစ်ထောင့်တစ်နေရာကနေ နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချသွားပါမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ဒေသတစ်ဝိုက်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၆** – နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**




သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ်။




PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။

❂ *ကျောဖုံးမှ*

လမ်းတံတားများ၊ ဆည်မြောင်းတာတမံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထု၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်ဝန်းကျင်ကျေးရွာများအား ယာယီစိုးမိုးထားပြီး အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်ဝန်းကျင်ကျေးရွာများအား ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ပြန်လည်ရရှိရေးအတွက် လိုအပ်သည့်စုဖွဲ့မှုများအား စနစ်တကျဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီပေါင်းစပ်ကာ တိုက်ပွဲဝင်အရာရှိစစ်သည်များ၏ စိတ်ဓာတ်တက်ကြွ၍ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုတို့ဖြင့် အဆိုပါဆည်ကြီးရှိ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးမှုမရှိစေရေး ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ချေမှုန်းခဲ့ရာ သဖန်းဆိပ်ရေလှောင်တမံအား မတ် ၂၈ ရက်တွင်လည်းကောင်း၊ အဆိုပါရေလှောင်တမံ၏ အနောက်ဘက် မီတာ ၅ ထောင်ခန့်အကွာတွင် တည်ရှိသောအင်တိုင်းကျေးရွာအား ယနေ့နေ့လယ်ပိုင်းတွင်လည်းကောင်း အသီးသီးပြန်လည်သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်ကျဆုံးမှုများစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားစဉ် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် စက်ရုံရှိ လျှပ်စစ်ဓာတ်အားပေးစက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် အင်တိုင်းကျေးရွာအတွင်းရှိ အပြစ်မဲ့ဒေသခံပြည်သူများ၏နေအိမ်များကို ဆက်လက်မီးရှို့ဖျက်ဆီးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြရသည်။

အကြမ်းဖက်သောင်းကျန်းသူများက သဖန်းဆိပ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယာယီစိုးမိုးထိန်းချုပ်ခဲ့ပြီး အဆိုပါရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ တန်ဖိုးကြီးပစ္စည်းများကို ယူဆောင်သွားခြင်း၊ ဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ သဖန်းဆိပ်ရေလှောင်တမံသည် စိုက်ပျိုးမြေဧက ငါးသိန်းကျော်ကို အဓိကရေပေးဝေနေသော တမံတစ်ခုဖြစ်သည်။ ထို့ပြင် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်လည်း နိုင်ငံတော်ဓာတ်အားပေးစနစ်တွင် လျှပ်စစ်ပုံမှန်ပို့လွှတ်ပေးနေသော စက်ရုံတစ်ခုဖြစ်ပြီး အဆိုပါစက်ရုံအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်နိုင်မှုမှာလည်း ပျက်စီးဆုံးရှုံး၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံအား မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ပြန်လည်လည်ပတ်နိုင်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ငံရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် မေ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၆ ရက်အထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၅ ဦး တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ မဲခွဲ၊ လိဒ်စ်အသင်းက ချယ်ဆီးနှင့် တွေ့ဆုံ



နှစ်ပေါင်း ၃၉ နှစ်အတွင်း အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့သည့် လိဒ်စ်။

အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးနောက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ နှစ်ပေါင်း ၃၉ နှစ်အတွင်း ဆီမီးဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့သည့် လိဒ်စ်အသင်းက အသင်းကြီး ချယ်ဆီးအသင်းနှင့် တွေ့ဆုံနေသည်။

ဒန်နီရယ်ဖာကီ၏ လိဒ်စ်အသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဝက်စ်ဟမ်းအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ပယ်နယ်တီ အဆုံးအဖြတ်တွင် လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသည့် အသင်းဖြစ်သည်။

ထို့အပြင် လိဒ်စ်အသင်းသည် ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခြင်းမှာ ၁၉၈၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ယမန်နှစ်က အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည့် နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းက ဆောက်သမ်တန်အသင်းနှင့် တွေ့ဆုံနေသည်။ ၁၉၇၆ ခုနှစ်က အက်ဖ်အေဖလား ဆွတ်ခူးထားနိုင်သော ဆောက်သမ်တန်အသင်းသည် ကွာတားဖိုင်နယ်တွင် နာမည်ကြီးအာဆင်နယ်အသင်းကို ချားလိစ်၏ နောက်ကျသွင်းဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသည့် အသင်းဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် ၁၉၈၇ ခုနှစ်က အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ နောက်ဆုံးတက်လှမ်းထားနိုင်သည့် အသင်းဖြစ်သည်။ ယခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို လာမည့် ဧပြီ ၂၅ ရက်နှင့် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

## ညောင်ဦးမြို့၌ ဂူပြောက်ကြီးဘုရားတည်ဆောက်ပုံနှင့်ရှေးဟောင်းနံရံပန်းချီများကို လေ့လာနိုင်

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ခရီးသွားဘုရားဖူးများအနေဖြင့် ဝက်ကြီးအင်းရပ်ရှိ ဂူပြောက်ကြီးဘုရား တည်ဆောက်ပုံ၊ ဘုရားလိုဏ်အတွင်း နံရံပန်းချီများနှင့် ထိုင်တော်မူဆင်းတုတော်များအား ဖူးမြော်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ရှိသူများထံမှ သိရသည်။

ဂူပြောက်ကြီးဘုရားကို အေဒီ ၁၃ ရာစုအစောပိုင်းတွင် တည်ထားခဲ့သည်ဟု ခန့်မှန်းရပြီး မဟာဗောဓိပုံစံ ကွမ်းတောင်ပေါက်ဘုရားဖြစ်ကာ အာရုံခံအရှေ့ဘက်မုခ်လှည့် လိုဏ်ဘုရားတစ်ဆူဖြစ်သည်။ အပေါ်ဆင့်လိုဏ်နှင့် ကြောင်လိမ်လှေကားပါရှိပြီး အင်္ဂတေပန်းလက်ရာများ အသင့်အတင့် ကျန်ရှိနေသေးသည်ကို လေ့လာတွေ့ရှိနိုင်သည်။ နံရံဆေးရေးပန်းချီလက်ရာအနေဖြင့် အာရုံခံမျက်နှာကြက်ရှိ ခြေတော်ရာပုံ၊ မင်စာနှင့်တကွ နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရားတို့၏ ဗျာဒိပ်ခံဟန်အခန်းများ၊ ငါးရာငါးဆယ်ဇာတ်ကွက်များ၊ ဗုဒ္ဓဝင်ရှစ်ခန်းနှင့်သတ္တဌာနခန်းများ၊ အောင်မြင်ခန်းများ စသည့် သရုပ်ဖော်ပုံများကို မင်စာနှင့်တကွ ရေးထိုးထားသည်ကို လေ့လာနိုင်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံ ၃၈၃၇ ဆူ ကျန်ရှိနေသေးကြောင်း၊ ညောင်ဦးမြို့နယ်၌ ဝက်ကြီးဂူပြောက်ကြီး၊ ဂူပြောက်လေး၊ ပုဂံမြို့သစ်၊ မြင်းကပါ ဂူပြောက်ကြီး၊ ဂူပြောက်လေးဘုရားတို့သည် နံရံဆေးရေးပန်းချီ လက်ရာကောင်းမွန်ကြကြောင်း၊ ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရား အနောက်ဘက်တွင် ရှင်ဘို့မယ်အုတ်ကျောင်း၊ ဝက်ကြီးအင်း ဂူပြောက်လေးဘုရား၊ အနောက်တောင်ဘက်တွင် ဆူးလေကုန်းဘုရားစု၊ အလိုတော်ပြည့်ဘုရားတို့ကိုလည်း တစ်ဆက်တစ်စပ်တည်း ဖူးမြော်လေ့လာနိုင်ကြောင်း သိရသည်။ **ဒီပါလင်း**



---

## မိုင်းခတ်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အသိပညာပေး

**မိုင်းခတ် မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို



ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးလွင်မင်းပိုင်က ပြည်သူများ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ဆေးဘူးများထားရှိရန်၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးမီး၊ မီးဖိုမီးများကို စနစ်တကျငြိမ်းသတ်ပြီးမှ အိပ်ကြရန်နှင့် သက်ကြီးဘိုးဘွားများနှင့် ကလေးငယ်များအား မီးဖိုမီးအသုံးမပြုကြစေရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူး စနစ်တကျထားသိုမှု၊ ကိုင်တွယ်အသုံးပြုပုံနှင့် လူနာအား ကုလားထိုင်ဖြင့် အရေးပေါ်သယ်ဆောင်ခြင်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နန်းနွယ်နီ(ပြန်/ဆက်)**

---

## ဒက္ခိဏသီရိမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**နေပြည်တော် မေ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေလျှံထွေးဦးဆောင်၍ တပ်ဖွဲ့ဝင်များက ဟိုတယ်တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးဘေးလုံခြုံရေးဆိုင်ရာ လိုအပ်သည်များမှာကြားခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ 191 report အက်ပလီကေးရှင်းအကြောင်း ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**



---

## မိုးညိုမြို့၌ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ဆောင်ရွက်

**မိုးညို မေ ၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ဌာနဆိုင်ရာများပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသနိုင်ရေးတို့ကို အသံချဲ့စက်ဖြင့် လိုက်လံကြေညာပြီး အပူဒဏ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များကို ဈေးရောင်း ဈေးဝယ်ပြည်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

---

## ဘုတ်ပြင်းမြို့၌ မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ဘုတ်ပြင်း မေ ၆**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်တွင် ပူးပေါင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်များ၊ မြန်မာ့စီးပွားရေးဘဏ်လမ်းဆုံ၊ မြို့မဈေးလမ်းဆုံ၊ မြို့ပေါ်ရှိ လမ်းဆုံများနှင့် မြို့အဝင်အထွက်ဂိတ်တို့တွင် မီးဘေးအသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေသည်။

အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များက မြို့အဝင်အထွက်ဂိတ်နှင့် မြို့ပေါ်ရပ်ကွက်များတွင် မော်တော်ဆိုင်ကယ်၊ မော်တော်ကား စီးနင်းမောင်းနှင်သူများ၊ ခရီးသွားလာနေသူများ၊ ဒေသခံပြည်သူများအား မီးသတ်ဦးစီးဌာနမှ ထုတ်ဝေထားသည့် မီးဘေးလုံခြုံရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



---

## သရက်ချောင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**သရက်ချောင်း မေ ၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

မြို့နယ် ဦးစီးအရာရှိ ဦးသက်နိုင်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်များ မြို့နယ်စည်ပင်သာယာဈေးအတွင်း၊ အပြင်နှင့် စက်သုံးဆီအရောင်းဆိုင်အနီးတို့၌ မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ၁၀၀၀၀ ကို တတိယအကြိမ် ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



---

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## ညောင်လေးပင်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်

ညောင်လေးပင် ဧပြီ ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့တို့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက မြန်မာနိုင်ငံတစ်ဝန်းတွင် နွေရာသီအပူချိန်များ မြင့်တက်လာသဖြင့် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်း၊ အပူဒဏ်ကြောင့် အပူလွန်ရောဂါ (Heatstroke)၊ ခန္ဓာကိုယ်ရေဓာတ်ခန်းခြောက်ခြင်းနှင့် မူးဝေခြင်းတို့ဖြစ်နိုင်ကြောင်း၊ ပြည်သူများအနေဖြင့်နေပူထဲမထွက်ရန်၊ မဖြစ်မနေ အပြင်ထွက်ရှိပါက ဦးထုပ်၊ ထီး(သို့မဟုတ်) အကာအကွယ်အသုံးပြုရန် လိုအပ်ကြောင်း၊ အပူဒဏ်ကြောင့် မူးဝေခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ မောပန်းခြင်း စသည့်လက္ခဏာများဖြစ်ပေါ် လာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ကုသမှုခံယူရန် အရေးကြီးကြောင်း အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တပ်ကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၈၀၀ တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၆

တပ်ကုန်းမြို့နယ်၌ ငွေကျပ်သိန်း ၈၀၀ တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၄ ရက် ညနေ ၅ နာရီတွင် သတင်းအရ တပ်ကုန်းမြို့နယ် ပင်လောင်း-နေပြည်တော် ကားလမ်း မိုင်တိုင်အမှတ်(၇/၀)အနီးတွင် ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်ထွန်းချစ် (၂၀)နှစ် မောင်းနှင်ပြီး ပင်လောင်းမြို့နယ် နဂါးပတ်ကျေးရွာနေ ခွန်ငြိမ်းချမ်း(၂၀)နှစ်နှင့် ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်နေဝင်းထွန်း(၂၀)နှစ် လိုက်ပါလာသော CROWN အမျိုးအစား မော်တော်ယာဉ်နှင့် ပင်လောင်းမြို့နယ် လိန်းလီကျေးရွာနေ ကိုလင်း(၂၈) နှစ် မောင်းနှင်ပြီး ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်မောင်(၂၂) နှစ် လိုက်ပါလာသော DREAM 125 အမျိုးအစား မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းတို့ငါးဦး သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၀၀) ဖမ်းဆီးရမိသဖြင့် ကိုလင်း၊ ခွန်မောင်၊ ခွန်ထွန်းချစ်၊ ခွန်ငြိမ်းချမ်းနှင့် ခွန်နေဝင်းထွန်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု နောင်ရှဲန်ကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ် ပိန်းခမ်းကျေးရွာနေ ကျအူ(၅၀)နှစ် မောင်းနှင်လာသော WAVE i 125 အမျိုးအစား မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၇၀ ) ဖမ်းဆီးရမိသဖြင့် ကျအူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



တရားခံ ကိုလင်း၊ ခွန်မောင်၊ ခွန်ထွန်းချစ်၊ ခွန်ငြိမ်းချမ်းနှင့် ခွန်နေဝင်းထွန်းတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စာအုပ်
စာပေ
လူ့မိတ်ဆွေ

### ၆ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း မှာ ၇၁၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

### IN THE MATTER OF DAWEI RESIDENCE COMPANY LIMITED (IN MEMBERS' VOLUNTARY WINDING-UP)

[Under Section 147 (a) (ii) of Insolvency Law & Rules 9 & 15 (b) of Insolvency Rules]

The Special General Meeting of Dawei Residence Company Limited (In Members' Voluntary Winding-up) duly held via online on March 31, 2026, the following resolutions were passed unanimously as Special Resolutions:

(1) Resolved that the Company be and is hereby wound up voluntarily as Members' Voluntary Winding-up under the Insolvency Law.

(2) Resolved that Daw Hnin Su Mon (B.Com, CPA, FCCA, DBL, PGDL, Insolvency Practitioner), holder of Citizenship Scrutiny Card No. 12/Ma Ya Ka (Naing) 114749, and Daw Su Su Tin (B.Com, CPA, ACCA (Affiliate), Insolvency Practitioner), holder of Citizenship Scrutiny Card No. 12/Da La Na (Naing) 044724, both Senior Managers of WIN Consulting Limited of Room No. 2D, 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar, be and are hereby appointed as Joint Liquidators of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

S/d Joint Liquidators of Dawei Residence Company Limited
(In Members' Voluntary Winding-up)

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၈၃၆/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်ညွန့်ခင် (TGKN- ၁၂၀၁၃၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အောင်ညွှယ် (၁၂/လကန (နိုင်) ၀၂၈၁၂၁)ထံမှ ကျွန်မ ဒေါ်စန်းစန်းမြင့် (၁၁/ကဖန (နိုင်) ၀၇၆၀၈၁)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမြင့် (၁၁/ကဖန (နိုင်) ၀၇၆၀၈၁)
၀၉- ၄၄၈ ၀၆၄ ၁၃၂

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် (၈၂၂)၊ အလျား xအနံ ပေ(၄၀ x ၆၀) အကျယ်ရှိ ဦးမောင်ချော (ခ) ဦးမောင်ချိုအမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးကျော်သူရိန်(၁၂/ပဘတ(နိုင်)၀၃၈၅၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝတ်ရည်ကျော် (၁၂/ မဘန(နိုင်) ၁၈၆၄၄၁)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် တကွ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် (LL.B, DIPL)
(စဉ်-၁၈၇၂၆)တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂

### ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၆

ဒေါ်သန်းသန်းဝင်း (တရားလို) နှင့် ဦးကျော်စိန် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ( ၄၆ ) ရပ်ကွက် မင်္ဂလာသုခလမ်း၊ အမှတ်-၁၃၁၉ နေ ဦးကျော်စိန် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက“မြေနှင့်အိမ်အပါအဝင် မြေငှားဂရန်မူရင်း အားပိုင်ဆိုင်ကြောင်းမြွက်ဟ ပေးစေလိုမှု " လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီ လ ၊ ၂၀ ရက် (၁၃၈၈ ခုနှစ်၊ ဦးကဆုန်လဆန်း ၅ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရ မည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဆုထူးပန်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/18269 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဆွေ ၇/ပမန(နိုင်) ၀၁၉၄၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/67911 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၇/တငန(နိုင်) ၀၄၅၁၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄၊ မိသားရပ်)၊ ဦးပိုင်အမှတ်(၁၀၇-ခ)၊ မြေဧရိယာ (၀ဒသမ၀၅၃) ဧကရှိမြေကွက်သည် မူလကဒေါ်ခင်ကြည်အမည်ဖြင့် (၁၀-၂-၂၀၃၅)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဒေါ်ခင်ကြည်ထံမှ ဒေါ်ချစ်စုမွန်က (၁၅-၁-၂၀၂၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၀၁၄/၂၀၂၆)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ချစ်စုမွန် (၁/မညန(နိုင်)၁၄၂၀၆၆) အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေး အတွက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
မြန်မာ့အလင်းသတင်းစာတွင်
ကြော်ငြာစို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )**

**တောင်ကြီးခရိုင်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၀**

ကမ္ဘောဇဘဏ်လီမိတက် နှင့် ၁။ ဦးစိုင်းစံထွန်း
(တောင်ကြီးဘဏ်ခွဲ-၄) ၂။ ဒေါ်ဘိုဘိုလွင်
(ကိုယ်စား ဦးခွန်မျိုးပိုင်၊
ဘဏ်ခွဲတာဝန်ခံ)

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ တပေါင်းပတ်လမ်း၊ အမှတ်(၂/၂၃၉)နေ ဦးစိုင်းစံထွန်း (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူထားသော အိမ်ရာချေးငွေ(HOME LOAN)အရင်းနှင့် အတိုးငွေ စုစုပေါင်းငွေကျပ် ၂၁၀၃၄၈၃၅၈ ကျပ်၇၅ ပြား (ကျပ်သိန်းနှစ်ထောင့်တစ်ရာသုံးသိန်းလေးသောင်းရှစ်ထောင့်သုံးရာ ငါးဆယ့်ရှစ်ကျပ် ခုနစ်ဆယ့်ငါးပြားတိတိ) ရလိုမှု (သို့မဟုတ်)အာမခံပစ္စည်း အဖြစ်ပေးအပ်ထားသော မြေကွက်ဥပစာကို ရောင်းချ၍ ချေးငွေပေးဆပ်စေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( သိင်္ဂီမြင့်အောင် )
ဒုတိယခရိုင်တရားသူကြီး(၃)
တောင်ကြီးခရိုင်တရားရုံး


MRF
Myanmar Rice Federation

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပထမ ပုံမှန်အစည်းအဝေး၊ တတိယနေ့၌ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်နိုင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံ့အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှု၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ၏ ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုများဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများနှင့် ပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တို့ကို တိုးမြှင့်ဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ပြုအပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ လွှတ်တော်ကော်မတီများ၊ ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံ့အကျိုး၊ ဆန်စပါးကဏ္ဍအကျိုးကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆန္ဒပြုလျက် နိုင်ငံတော်အစိုးရသစ်အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**


## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**တောင်ကြီးမြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၄**

၁။ ဒေါ်တင်ရတနာဦး နှင့် တပ်သား အုံကြာ
၂။ ဦးစိုးပြည့်လင်း
၃။ ဦးရှိုင်းလင်းမော်

**(တရားလိုများ)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ မြေနီလမ်း၊ အမှတ် (၄၇၀) နေ တပ်သားအုံကြာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော ဒေါ်တင်ရတနာဦး၊ ဦးစိုးပြည့်လင်းနှင့် ဦးရှိုင်းလင်းမော်တို့က "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီ လ ၂၁ ရက် (၁၃၈၈ ခုနှစ်၊ ဦးကဆုန်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီ လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( စိုင်းအောင်မြင့်ဦး )
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ဦးကျော်စွာဝင်း၏သမီး Grade–7မှ မသူဇာဝင်းကျော်အား မဟန်သီသီကျော်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဟန်သီသီကျော်ဝင်း**

## အမည်မှန်

